# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၅၆)


## နိုင်ငံတည်ဆောက်ရေး

အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းသည့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၏ ယန္တရားနှင့်အဖွဲ့အစည်းများ ခိုင်မာတောင့်တင်း အားကောင်းစေရန် ကြိုးပမ်းဆောင်ရွက်ရသည်များ ပါဝင်နေပါသည်။ အဓိကအားဖြင့် တရားဥပဒေစိုးမိုးမှုရှိစေရန်၊ ပြည်သူများ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံရန်၊ အခွန်အကောက် ကောက်ခံမှုများမျှတရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး စသည့်အခြေခံအကျဆုံး ပြည်သူ့ရေးရာဝန်ဆောင်မှုများဖြည့်ဆည်းပေးနိုင်ရန်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားများနှင့် ဈေးကွက်ယန္တရားများ စနစ်တကျခိုင်ခိုင်မာမာဖြစ်ရန် ပြန်လည်ပြုပြင်တည်ဆောက်နေခြင်းများသည် ခိုင်မာအားကောင်းသည့် နိုင်ငံတော်တည်ဆောက်ခြင်းပင် ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွာချောင်းတံတားနှင့် ရေလှောင်တမံ ရေပိုလွှဲသစ် ပြင်ဆင်နေမှု ကြည့်ရှုပြီး သံတောင်ကြီး၌ စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သောမြေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၂

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်လင်းတို့နှင့်အတူ မော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဆွာချောင်းတံတားသို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆွာချောင်းတံတား ပြုပြင်တည်ဆောက်နေမှုအားကြည့်ရှုရာ ယာယီရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်သူတို့က ဆွာချောင်းတံတား မြေထိန်းနံရံ တည်ဆောက်မှုအခြေအနေများ၊ ဆွာချောင်းတံတား ရေလယ်တိုင် ပြုပြင်ဆောင်ရွက်မည့် အစီအစဉ်များ၊ တံတားပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်အဆင့်မြှင့်တင် တည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆွာချောင်းရေလှောင်တမံ ရေနုတ်မြောင်း တံတားယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆွာချောင်းဘေးဝဲယာ သဲဖုံးလွှမ်းသွားသည့် လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွာချောင်းယာယီကျောက်ဖြည့်တမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
သတင်းစဉ်





**“ သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စုအတွင်းရှိ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ စုစုပေါင်းစွန့်လွှတ်မြေဧရိယာ ၃၃၂ ဧကကို မူလတောင်သူ ၂၇ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များပေးအပ် ”**


Established in 1958

ကံ့နံ့ရီ ®

အဆင့်မြင့်ချည်ချောလုံချည်

*The Ultimate Quality and Fastness.*

အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အဆုံးစွန်

ပင်ရင်း- ကံ့နံ့ရီ အထည်စက်၊ သဲတောမြို့၊ ဖုန်း - ၀၆၄ - ၂၀၅၀၁၃၁၊ ၀၆၄ - ၂၀၅၀၃၂၅

ရန်ကုန်ဖြန့်ချိရေး - အမှတ်(၂၀၇) မဟာဗန္ဓုလ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆ ၁၈၀ ၂၂၈

# နိုင်ငံတော်အစိုးရ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှု

**တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဝန်းကျင်သည် လယ်ယာစိုက်ပျိုးရေး ကဏ္ဍအပေါ် မှီခိုနေသည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမား တို့၏ဘဝ မြင့်မားရေးသည် ရေနှင့်ငါးပမာ တစ်သားတည်းဆက်စပ်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရသည် တောင်သူလယ်သမားတို့ အနေဖြင့် မြေယာလုပ်ပိုင်ခွင့်အား သားစဉ်မြေးဆက်ခိုင်ခိုင်မာမာရရှိ စေရန် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို တိုင်းပြည်၏ ပကတိ အခြေအနေနှင့် လျော်ညီစွာ ပြင်ဆင်ပြဋ္ဌာန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။**

**လယ်ယာစိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးနှင့် ရေလှောင်တမံများ အပါအဝင် ဆည်ရေသောက်စနစ်ပြုပြင်မွမ်းမံခြင်းသည် ဆက်စပ်လျက် ရှိပါသည်။ မိုးစပါးစိုက်ဧက ၁၂ ဒသမ ၃ သိန်းခန့်ကို စိုက်ပျိုးရေ လုံလောက် စွာ ပေးဝေနိုင်သည်သာမက နွေစပါးစိုက်ဧက ၁၁ ဒသမ ၆၇ သိန်းခန့်ကို လည်း စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါသည်။ နွေစပါးစိုက်ဧကကို သုံးသပ်ကြည့် ပါက ယခင်ကထက် ၂ ဒသမ ၆ သိန်းခန့် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရှိရ မည်ဖြစ်ပါသည်။ ဒေသအလိုက် စိုက်ပျိုးရေပိုမိုရရှိရေးကို ဦးတည်၍ နိုင်ငံတော်အစိုးရက စက်ရေတွင်း ၁၅၀၀ ခန့် တူးဖော်ပေးသကဲ့သို့ သောက်သုံးရေရရှိရေးအတွက်လည်း စက်ရေတွင်း ၄၀၀ ခန့်ကို တူးဖော်ပေး ခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲနိုင်သည်နှင့်အမျှ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် အလေအလွင့် နည်းပါးရေးတို့ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက လယ်ယာသုံးစက်ကိရိယာ များ တိုးတက်သုံးစွဲနိုင်ရေးကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ခဲ့ ပြီး ယခုအခါ အသားတင်စိုက်ဧရိယာ၏ ၇၅ ရာခိုင်နှုန်းခန့်အား စက်အားသုံး ထွန်ယက်ရိတ်သိမ်းဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။**

**တိုင်းပြည်၏ ဖြတ်သန်းခဲ့သော သမိုင်းကြောင်းအရ ဖြစ်ပေါ်ခဲ့သည့် သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်စွန့်လွှတ်ရေးကို နိုင်ငံတော်အစိုးရ က အလေးအနက်ထား ကိုင်တွယ်ဆောင်ရွက်ခဲ့သည့်အတွက် စုစုပေါင်း စွန့်လွှတ်မြေ ၆၃၄၁၇ ဧကအထိ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ စုစုပေါင်း စွန့်လွှတ်မြေ ၆၃၄၁၇ ဧကအနက် ၁၃၀၉၁ ဧကအား တောင်သူ များထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး ၅၀၃၂၆ ဧကအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲပြောင်းပေးအပ် ခဲ့ခြင်း ဖြစ်ပါသည်။**

**နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်သည် လယ်ယာကဏ္ဍအား အခြေခံ လျက် နိုင်ငံ့စီးပွားရေးကို တွန်းတင်ရန်ဖြစ်သည်နှင့်အညီ လယ်ယာကုန်ထုတ် လုပ်ငန်းများ မြင့်မားလာရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အခြေခံ လိုအပ်ချက်များဖြစ်သော မျိုးကောင်းမျိုးသန့်ရရှိရေး၊ ထုတ်လုပ်မှုစက် ကိရိယာသုံးစွဲနိုင်ရေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲ နိုင်ရေးနှင့် ကျွမ်းကျင်လုပ်သားရှားပါးမှုဖြည့်ဆည်းရေးတို့ကို ဖြည့်ဆည်း ပေးနိုင်ရန် နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ထံမှ ချေးငွေရရှိရေးကို နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေး သကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများထုတ်ပေးနိုင်ရန်ကိုလည်း စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးစရိတ်ချေးငွေနှင့် ပတ်သက်ပါက လည်း နိုင်ငံတော်အစိုးရသည် စပါးတစ်ဧကလျှင် ယခင်ကျပ်တစ်သိန်းမှ ယခုကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ပေးထားသကဲ့သို့ အခြားသီးနှံ တစ်ဧက လျှင် ယခင်ကျပ်နှစ်သောင်းမှ ယခုကျပ်ငါးသောင်းအထိ တိုးမြှင့်ပေးထား ရာမှ ကျပ်တစ်သိန်းထိ တိုးမြှင့်ပေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ အထက်ပါတင်ပြချက်တို့ကို ကြည့်ရှုမှုဖြင့် နိုင်ငံတော်အစိုးရက တိုင်းပြည်စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေး ကဏ္ဍ တိုးတက်ရေးကို ခွန်စိုက်အားစိုက်ကြိုးပမ်းနေသည်မှာ ပေါ်လွင် ထင်ရှားနေကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။**

# ဆွာချောင်း ရေကြီးရေလျှံမှုကြောင့် ပျောပါသွားသည့် လူနေအိမ် ၁၆၁ လုံးအား မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အခမဲ့တည်ဆောက်ပေးသွားမည်

ရေတာရှည် စက်တင်ဘာ ၂၂

**ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတမံပင်မရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ကျေးရွာအုပ်စု ၁၈ စုအတွင်းရှိ ရေနောက်မျောပါသွားခဲ့ရသော လူနေအိမ် ၁၆၁ လုံးကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်မှ အခမဲ့တည်ဆောက်ပေးရန် ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာ အနောက်ဘက်ထိပ်ရှိ မိုယ်းကောင်းဘုရား ဓမ္မာရုံ၌ ပြုလုပ်သည်။** (အောက်ပုံ)



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ကူညီကြသူများအား ကျေးဇူးတင်စကား ပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း(MCEA) ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အသင်းအနေဖြင့် လက်ရှိ ရေနောက်မျောပါဆုံးရှုံးသွားခဲ့ရသော လူနေအိမ် ၁၆၁ လုံးအတွက် အခမဲ့ တည်ဆောက်ပေးသွားမည်ဖြစ်သည့်အပြင် နေအိမ်များ ပြန်လည်တည်ဆောက်ပေးရာ၌ ကျေးရွာအလိုက် လူနေအိမ်များကို စနစ်ကျစွာ ဆောင်ရွက်ပေးမည်ဖြစ်ရာ မြေနေရာ အစားရရှိနိုင်ရေးနှင့် မိမိတို့ကျေးရွာများ အရောက် အိမ်ဆောက်ပစ္စည်းများ သယ်ဆောင်ရေးတို့ကို ဒေသခံများ အနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် ရေနောက်မျောပါသွားသည့် ဆွာမင်းလမ်းကျေးရွာရှိ လူနေအိမ် ၁၉ လုံးအတွက် တစုတစည်းတည်း တည်ဆောက်နိုင်ရန်လည်းကောင်း၊ လမ်းနှင့် ဈေးငယ်တစ်ခု တည်ဆောက်နိုင်ရေး နောင်တစ်ချိန်တွင် သဘာဝဘေးဒဏ်တွေ့ကြုံရပါက ခိုလှုံနိုင်ရန် အဆောက်အအုံတစ်လုံး တည်ဆောက်နိုင်ရန် တောင်သူ ခြောက်ဦး ပိုင်ဆိုင်သော မြေ ကိုးဧကအတွက် နစ်နာကြေး၊ မြေနေရာ အစားထိုးပေးနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဖလမ်းမြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဖလမ်း စက်တင်ဘာ ၂၂**



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖလမ်းခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပပြုလုပ်သည့် ကလေး စာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းမုခ်ဦး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော် မုခ်ဦးအား ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လူမှုရေး ဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခမ်လျန် ဆုမ်းနှင့် ထူးချွန်ကျောင်းသူ မရှန်ကဲ့ရ်စင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး သည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို အထက(၁) ရှုလွယ်ခန်းမဆောင်၌ ဆက်လက် ကျင်းပရာ အထက(၁) ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာ စကား ပြောကြားသည်။ ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးက ကလေး စာပေပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင် ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်က ဘင်ခရာ၊ ပန်းဖွားနှင့် အေးရိုးဇစ်အကအဖွဲ့တို့အား ဂုဏ်ပြု ဆုငွေကျပ် သုံးသိန်း ချီးမြှင့်ပေးပြီး သူရလင်းကုမ္ပဏီက ကျောင်းစာကြည့် တိုက်များအတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ရှန်းကုမ္ပဏီနှင့် နှင်းသဇင် ကုမ္ပဏီတို့က ကလေးစာပေပွဲတော် အတွက် ရန်ပုံငွေကျပ် ငါးသိန်းစီ လှူဒါန်း ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက ကဗျာရွတ်ဆိုခြင်း၊ ပုံပြော၊ ပန်းချီ၊ ဆေးရောင်ခြယ်ခြင်း၊ အရုပ်ဆက်၊ စကားပုံဆက်၊ စာဖတ် စွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်း၊ အားကစားပြိုင်ပွဲ သုံးမျိုးဖြစ်သည့် မီတာ ၅၀ တာတိုအပြေးပြိုင်ပွဲ၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကျင်းပမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံ ကြည့်ရှုအားပေးသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကလေးစာပေ ဆိုင်ရာများ၊ သုတရသစာပေများ ပြသ ခြင်း၊ သိပ္ပံပြခန်းပြသခြင်း၊ ကလေးငယ် များ အသိပညာပေးပိုစတာများ၊ ကာတွန်းနှင့် စာစောင်များ၊ စာပေ လှုပ်ရှားမှုဆိုင်ရာများနှင့် ပြည်သူ့ဗဟိုပြု အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ချက်ဆိုင်ရာ နံရံကပ်စာစောင် များနှင့်ဓာတ်ပုံပြပွဲများ ပြသဆောင်ရွက် ထားရှိပြီး အောင်ကျော်စာအုပ်ဆိုင်နှင့် နန်းတော်ဝင်စာပေမှ စာအုပ်အရောင်း ဆိုင် ဖွင့်လှစ်ရောင်းချပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

*❄ ကျောက်ဖုံးမှ*

ထို့အပြင် ရေသဘင်ဗဟိုမဏ္ဍပ်ကိုလည်း ယခုနှစ်၌ ကျပ်သိန်း ၆၀၀ ခန့် အကုန်အကျခံကာ ကွန်ကရစ်နှင့်သံဖရိန် ပေါင်းစပ်၍ လုံခြုံခိုင်ခံ့ အန္တရာယ်ကင်းအောင် တည်ဆောက်နေရာ ပြီးတော့မည်ဖြစ်ကြောင်း၊ ပွဲတော်လာပရိသတ်များ ဘေးအန္တရာယ်ကင်းလုံခြုံရေးအစီအမံများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည့် မီးမျှောပူဇော်ပွဲတော်နှင့် ယိမ်းအကအဖွဲ့များ နှစ်ပေါင်းများစွာ တည်တံ့ခဲ့ရာ ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်စွာ ဖူးတွေ့ရသော သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူသည့် စေတီတော်ကြီးတည်ရှိရာ ရွှေကျင်မြို့၏ သမိုင်းဝင် ရှေးဟောင်းစေတီတော်ကြီးကို ဖူးမြော်ရင်း မြိုင်မြိုင်ဆိုင်ဆိုင် ဆင်နွဲကြမည့် သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်သို့ အရောက်လာနိုင်ရန် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးပြည်သူအပေါင်း အား ဖိတ်ခေါ်ပါကြောင်း ပွဲတော်ကျင်းပရေးဗဟိုကော်မတီ ဦးသိန်းလွင်က ပြောကြားသည်။

**ပိန်းဇလုပ်သိန်းညွန့်**

ထင်သာမြင်သာပြုပြင်စရာ

# ယမ်းအားပြင်း ဖောက်အိုးဖောက်ခြင်းကို တားဆီးပေးစေလို

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၌ သီတင်းကျွတ်ပွဲတော်ရက် နီးကပ်လာသဖြင့် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် လူငယ်များနှင့် ကလေးငယ်များက ယမ်းအားပြင်းသောဖောက်အိုးများကို အများသူငါ သွားလာသော လမ်းမများတွင် ပစ်ဖောက်ခြင်းတို့ကြောင့် နှလုံးဝေဒနာခံစားနေရသူများ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့တဲ့သူများနှင့် အမျိုးသမီးငယ်များ ထိတ်လန့်ခြင်း၊ ယမ်းခိုးယမ်းငွေ့ ညှော်နံ့များကို ရှူရှိုက်မိသဖြင့် ပြည်သူများမှာ ကျန်းမာရေးထိခိုက်လျက်ရှိသည်။

သို့ပါ၍ ယမ်းအားပြင်းသော ဖောက်အိုးများနှင့် မီးရှူးမီးပန်းများကို ရောင်းချခြင်း၊ ပစ်ဖောက်ကစားခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံး တားဆီးဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလိုက်ရပါသည်။ **မော်ကျွန်း-မြင့်အောင်**

❍ *ရှေ့စာမျက်နှာမှ*

ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရနှင့် ပူးပေါင်း၍ စံပြကျေးရွာ အဆောက်အအုံပုံစံများနှင့် စံပြကျေးရွာ တည်ဆောက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သည် ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆွာချောင်း ယာယီကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေပိုလွှဲ အသစ် တည်ဆောက်မည့်အခြေအနေများနှင့် နွေရာသီ သီးနှံစိုက်ပျိုးရေ ပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အစားထိုးစိုက်ပျိုးမည့် အစီအစဉ် ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတ သည် ဆွာချောင်းရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆွာချောင်းရေလှောင်တမံဆိုင်ရာစီမံဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သဲဖုံးလွှမ်းမြေများတွင် အစားထိုးပြန်လည် စိုက်ပျိုးမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**တမံလုံခြုံရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွာချောင်းရေလွှမ်းမိုးခံရသည့်ကျေးရွာများ ပြောင်းရွှေ့စုစည်း၍ စံပြကျေးရွာအဖြစ် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျတည်ဆောက်နိုင်ရေး၊ မြေအနေအထားပေါ်မူတည်၍ အိမ်ထောင်စုများအတွက် လုံလောက်သည့်အကျယ်အဝန်းကို ဆောင်ရွက်ပေးနိုင်ရေး၊ တမံနှင့်ရေပိုလွှဲ အသစ်တည်ဆောက်ရာတွင် နေရာရွေးချယ်မှု မှန်ကန်ရေး၊ ဆောက်လုပ်ရာတွင်လည်း ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ ရှုမြင်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်သွားရေး၊ ရေပိုလွှဲ တည်ဆောက်မည့် ကာလအတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် တမံလုံခြုံရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားနိုင်ရေးတို့ကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ကရင်ပြည်နယ် ဘောဂလိမြို့ပလက်ဝတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

စီမံကိန်းရှင်းလင်းဆောင်၌ ပလက်ဝတံတားတည်ဆောက်ရေး စီမံကိန်းတည်ဆောက်ရေးတာဝန်ခံ က တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးကျော်လင်း က ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တံတားရေရှည်တည်တံ့ခိုင်မြဲရေးကိုရည်ရွယ်၍ စနစ်တကျသေချာစွာ တည်ဆောက်သွားကြရန်နှင့် ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတ သည် စီမံကိန်းရှုရပ်မှ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

အဆိုပါပလက်ဝတံတားသည် အရှည်ပေ ၈၀၀ ၊ အကျယ် ပေ ၃၀ ရှိပြီး Prestressed Concrete Bridge အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သံတောင်ကြီးမြို့ ရွှေညောင်ပင်ကျေးရွာရှိ ချဉ်ပေါင်ဖာလာစိုက်ခင်းယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ချဉ်ပေါင်ဖာလာစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းသူများအဖွဲ့ဥက္ကဋ္ဌ ဦးခရစ္စတိုဖာတို့က ချဉ်ပေါင်ဖာလာစိုက်ပျိုးထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံတောင်ကြီးမြို့၌ ကျင်းပသည့် စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သောမြေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံတောင်ကြီးမြို့ ရွှေညောင်ပင်ကျေးရွာ၌ ချဉ်ပေါင်ဖာလာထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

ထို့နောက် ဒုတိယသမ္မတ သည် ချဉ်ပေါင်ဖာလာ ထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာပြီး ဖာလာစိုက်ပျိုးထုတ်လုပ်သည့်အသင်းအဖွဲ့အား စနစ်တကျ မှတ်ပုံတင်ဖွဲ့စည်းသွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သောမြေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**မြေဧရိယာ ၃၃၂ ဧကကို ပေးအပ်**

အခမ်းအနားတွင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ က ယနေ့ကျင်းပသည့် အခမ်းအနားတွင် ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် တောပြာကြီး ကျေးရွာအုပ်စုအတွင်းရှိ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ စုစုပေါင်းစွန့်လွှတ် မြေဧရိယာ ၃၃၂ ဧကကို မူလတောင်သူ ၂၇ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)များ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေယာကဏ္ဍသည် အခြေခံကျသည့် ကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံကြွယ်ဝအောင် အလေးထားဆောင်ရွက်ရာတွင်လည်း မြေယာကဏ္ဍသည် အရေးပါလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ လူမှုစီးပွား ဖူလုံစေရေးအတွက် အရေးပါသည့် မြေယာများကို တောင်သူများ အတတ်နိုင်ဆုံး အသုံးချနိုင်စေရေးအတွက် စီမံကိန်းများတွင် အသုံးမပြုသည့်မြေများကို စိစစ်၍ ပြန်လည်စွန့်လွှတ်စေပြီး မူလပိုင်ရှင်ထံပြန်လည်ပေးအပ်စေခြင်းနှင့် မြေလွတ်မြေလပ်များကို စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်လုပ်ကိုင်စေခြင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးလျက် ရှိနေပါကြောင်း။

မြေယာများကိုအသုံးပြု၍ စက်မှုလယ်ယာကဏ္ဍသို့ တက်လှမ်းနိုင်ရန် တောင်သူများအနေဖြင့် လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Contract Farming ကဲ့သို့ စနစ်မျိုးများ ထူထောင်ကြစေလိုပါကြောင်း၊ အဆိုပါစနစ်ကို ဆောင်ရွက်ခြင်းဖြင့် လိုအပ်သည့် မျိုး၊ မြေသြဇာ၊ စက်ယန္တရား၊ ငွေကြေးအရင်းအနှီးမှအစ လုပ်ငန်းရှင်များထံမှ ပံ့ပိုးမှုများ ရရှိနိုင်ပါကြောင်း၊ သီးနှံအထွက်နှုန်းကောင်းမွန်၍ ပိုမိုထွက်ရှိလာသည့် သီးနှံများကိုလည်း စက်ရုံ၊ အလုပ်ရုံများသို့ သယ်ယူပို့ဆောင်ခြင်း၊ Value added ကုန်ချောများ ထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်ရောင်းချနိုင်ခြင်းဖြင့် လုပ်ငန်းရှင်များနှင့် တောင်သူများအနေဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေပြီး နိုင်ငံစီးပွားဖွံ့ဖြိုးမှုကိုဆောင်ကြဉ်းနိုင်မည် ဖြစ်ပါကြောင်း။

**နစ်နာမှုများအပေါ် စိစစ်ဆောင်ရွက်ပေး**

နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် မေလက စတင်ဖွဲ့စည်းပေးခဲ့ပြီး ဗဟိုကော်မတီအနေဖြင့်လည်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းကာ မူဝါဒ၊ လုပ်ငန်းစဉ် (၅၂)ချက်ကို ချမှတ်ပြီး သိမ်းဆည်းမြေများဆိုင်ရာ နစ်နာမှုများအပေါ် စိစစ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များပါဝင်သည့် မြေစစ်ကော်မတီအဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များအပေါ် အခြေခံတင်ပြလာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်မြေစစ်ကော်မတီများ၏ သဘောထားများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားများရယူ၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သိမ်းဆည်းမြေဆိုင်ရာ ပြဿနာအချို့သည် ရှုပ်ထွေးနက်ရှိုင်းမှု ရှိပါကြောင်း၊ မြေယာဆိုင်ရာ ပြဿနာများဖြေရှင်းရာတွင် ပါဝင်သူများအနေဖြင့် စိတ်ထားဖြောင့်မတ်ပြီး မိမိ၏အတွေ့အကြုံ၊ အရည်အချင်းနှင့် ထိုးထွင်းဉာဏ်တို့ဖြင့် စိတ်ရင်းစေတနာ မှန်မှန်ကန်ကန်ထား၍ ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

*စာမျက်နှာ ၄ သို့*

❑ **ဆွာချောင်းရေလွှမ်းမိုးခံရသည့်ကျေးရွာများ ပြောင်းရွှေ့စုစည်း၍ စံပြကျေးရွာအဖြစ် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ တည်ဆောက်နိုင်ရေး၊ မြေအနေအထားပေါ် မူတည်၍ အိမ်ထောင်စုများအတွက် လုံလောက်သည့်အကျယ်အဝန်းကို ဆောင်ရွက်ပေးနိုင်ရေး၊ တမံနှင့်ရေပိုလွှဲအသစ် တည်ဆောက်ရာတွင် နေရာရွေးချယ်မှု မှန်ကန်ရေး၊ ဆောက်လုပ်ရာတွင်လည်း ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ ရှုမြင်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်သွားရေး၊ ရေပိုလွှဲတည်ဆောက်မည့်ကာလအတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် တမံလုံခြုံရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားနိုင်ရေးတို့ လမ်းညွှန်မှာကြား**

*စာမျက်နှာ ၃ မှ*

တိုင်ကြားစာများကို စိစစ်ရာတွင် အချို့တင်ပြချက်များသည် တရားရုံးတွင် ဆုံးဖြတ်ချက်ချပြီး ဥပဒေကြောင်းအရ လက်လွတ်ဆုံးရှုံးရမှုများ၊ ပုဂ္ဂလိကအချင်းချင်း ပိုင်ဆိုင်မှု အငြင်းပွားမှုများ၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့် အငြင်းပွားမှုများကိုပါ သိမ်းဆည်းမြေဆိုင်ရာ ခေါင်းစဉ်အောက်တွင် တင်ပြလာသည်ကိုလည်း တွေ့ရှိရပါကြောင်း။

**တွန်းအားပေး ဆောင်ရွက်**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအနေဖြင့် ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းဆည်းခံမြေယာကိစ္စရပ်များကို စိစစ်ဖြေရှင်းပေးလျက်ရှိသကဲ့သို့ လက်ရှိအသုံးပြုနိုင်ခြင်းမရှိဘဲ မစွန့်လွှတ်သေးသည့် မြေယာများကို သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်ပြန်လည်စွန့်လွှတ်ရေး၊ စွန့်လွှတ်ပြီးသည့် မြေယာများကို မူလသက်ဆိုင်သူ တောင်သူများ လက်ဝယ် အမြန်လွှဲပြောင်းပေးအပ်နိုင်ရေး တို့ကိုလည်း တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

တောင်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်ခွင့်ရသည့် မြေယာများကို မိသားစုအကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားအတွက်သာမက လူသားများအတွက် စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်၍ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားအောင် စွမ်းဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယခုကဲ့သို့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် စွန့်လွှတ်အပ်နှံမြေများကို မူလတောင်သူများထံ လက်ရောက်ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြသည့် စက်မှုဝန်ကြီးဌာန၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ တောင်သူများအနေဖြင့်လည်း မိမိတို့ဒေသ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံများကို ပြည်တွင်းလိုအပ်ချက်၊ ပြည်ပဈေးကွက်ရရှိနိုင်မှု အခြေအနေပေါ်မူတည်၍ ရွေးချယ်စိုက်ပျိုး စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ်အတွင်း စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်နိုင်ရေးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၃၃၂ ဧကနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်လင်းနှင့် ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးတို့က သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စုရှိ တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ - ၃ များ ပေးအပ်ကြသည်။

ယင်းနောက် ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ - ၃ များ လက်ခံရရှိသည့် တောင်သူများကိုယ်စား တောင်သူ နော်မူးရာဖောက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။



**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တောင်သူတစ်ဦးထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ - ၃ ပေးအပ်စဉ်။** သတင်းစဉ်

**ပေါင်းစပ်ညှိနှိုင်းပေး**

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာ ပြည်နယ်အစိုးရအဖွဲ့မှ ရှင်းလင်းတင်ပြသည့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ချေးငွေရရှိရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် ရှင်ယောဟန်ရိမန် ကက်သလစ်ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိပြီး အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် သံတောင်ကြီးမြို့ ယင်းလေ့ာ်ချောင်းမြို့ရေပေးဝေရေးစီမံကိန်းသို့ရောက်ရှိရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်က ရေပေးဝေရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**စစ်တွေ စက်တင်ဘာ ၂၂**

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ကို ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်ခဲ့သည်မှာ ယခု ခြောက်လ ဘတ်ဂျက်ဆိုလျှင် ဒုတိယနှစ် ဖြစ်ပါကြောင်း၊ ပထမအကြိမ် ငွေကြေးထောက်ပံ့မှုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကို ၂၀၁၈ ခုနှစ် မတ်လမှာ ပေါင်းစည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၎င်းအစီအစဉ်မှာ အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဒီအစီအစဉ်ဟာ ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ သက်ဆိုင်ရာဌာနများက ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂဒေသတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစီအစဉ်သည် ငွေကြေးထောက်ပံ့ခြင်းအပြင် ပြည့်ဝသောအာဟာရ ရရှိစားသုံးရေး၊ တစ်ကိုယ်ရေ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် မိသားစုစီမံကိန်းများကိုလည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၈ ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ဆွေးနွေးရာတွင် ပြန်လည်ဝင်ရောက်လာသူများကို သတ်မှတ်ထားသည့် နေရာများတွင် ပြန်လည်နေရာချထားနိုင်ရန်နှင့် ၎င်းတို့၏ဘဝ နေသားတကျဖြစ်သည်အထိ စားဝတ်နေရေးကိစ္စများကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားသည့် နေရာများကိုလည်း မြေပြင်ကွင်းဆင်း၍ အကွက်ရိုက်ခြင်းများ ဆောင်ရွက်ပြီး နယ်နိမိတ်သတ်မှတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံမှ လှူဒါန်းမည့် Assembly Board House အလုံး ၁၀၀၀ ကိုလည်း မောင်တောနှင့် စစ်တွေတွင် ဖြန့်ခွဲသွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဆောက်လုပ်လှူဒါန်းသည့် နေအိမ်များတွင်လည်း တိုင်းရင်းသားများကို နေရာချထားပေးပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ကျေးရွာများတွင် ထပ်မံလိုအပ်သည့် အဆောက်အဦများကို ဆောက်လုပ်ရန်အတွက် UEHRD ကော်မတီက အလှူရှင်များ ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရကလည်း နေအိမ်အလုံး ၂၅၀ ဆောက်လုပ်လှူဒါန်းလျက်ရှိပါကြောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ပြီး ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသည့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ်အတွင်းရေးမှူး ဦးညီညီမင်းနှင့် ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက် အခြေအနေကို တင်ပြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းပေးပြီး ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရွှေဈေးနှုန်းတည်ငြိမ်ရေးအတွက် နိုင်ငံတော်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ရွှေလုပ်ငန်းရှင်များ ပြောကြား



**ရန်ကုန်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်၌ ခင်းကျင်းထားမှုကို တွေ့ရစဉ်။**

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာ့ရွှေဈေးနှုန်း တည်ငြိမ်ရေးအတွက် နိုင်ငံတော်ဘက်မှ ဒေါ်လာဈေးနှုန်းကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်)က ပြောသည်။

"နိုင်ငံတော်ဘက်က ဒေါ်လာဈေး ငြိမ်သွားအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့နဲ့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို ဝိုင်းလုပ်ပေးမယ်ဆိုရင်တော့ ရွှေဈေးလည်း တည်ငြိမ်သွားမယ်၊ ငွေဈေးလည်း အထိုက်အလျောက် တည်ငြိမ်သွားမယ်။ ရွှေဈေး တည်ငြိမ်ပေမယ့် ငွေဈေး မတည်ငြိမ်ဘူးဆိုရင် ဘာမှလုပ်လို့မရဘူး" ဟု ဦးကျော်ဝင်းက ပြောသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ ယနေ့ကျင်းပခဲ့သော အစည်းအဝေးတွင် ရွှေလုပ်ငန်းရှင်များအနေဖြင့် ရွှေအရောင်းအဝယ်ပြုလုပ်ရာ၌ ကြိုရောင်း၊ ကြိုဝယ်စနစ်ကို မကျင့်သုံးရန်၊ မိမိ လက်ငင်းငွေချေ ဝယ်ယူနိုင်သော အတိုင်းအတာထိသာ အရောင်းအဝယ်ပြုလုပ်ရန်၊ တစ်ပိုင်တစ်နိုင် အရောင်းအဝယ်သာ ပြုလုပ်ရန်၊ အရေအတွက် ပိုမိုဝယ်ယူခြင်း ကြိုပြီးရောင်းချခြင်းများ မပြုလုပ်ကြရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ရွှေဈေးနှုန်း မြင့်တက်နေရခြင်း အကြောင်းကို မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းက "အရင်က ရွှေမှာ လေပတ်ကား ရှိတယ်။ ငွေမှာ လေပတ်ကား မရှိဘူး။ ပြင်ပဒေါ်လာပေါက်ဈေးမှာ လေပတ်ကား မရှိဘူး။ ခုတော့ ပြင်ပဒေါ်လာပေါက်ဈေးမှာ မနက်ဖြန်ဈေးပေါ့။ လေပတ်ကား ရှိနေတယ်။ အဲဒီတော့ သူတို့က ဆွဲတင်ချင်တယ်၊ ဆွဲချချင်တယ်။ အဲဒါမျိုးလေးတွေ ရှိတယ်။ အဲဒီလို ငွေဈေးတက်တဲ့အခါမှာ ရွှေဈေးတက်တာ။ ရွှေဈေးသည် အလကား တက်လို့ မရဘူး" ဟု ပြောသည်။

လက်ရှိ မြန်မာ့ရွှေဈေးကွက်တွင် အဝယ်မရှိဘဲ ရောင်းချသူများသာရှိပြီး ရွှေဈေးနှုန်းတက်သည့်အတွက် ရွှေဆိုင်များ၊ ရွှေပန်းထိမ်များ၊ ဝယ်ရောင်းများ အားလုံးသည် အရှုံးနှင့် အလုပ်လုပ်နေရသော အခြေအနေတွင် ရှိနေကြောင်းနှင့် ဗဟိုဘဏ်အနေဖြင့်လည်း ငွေဈေးနှုန်း တည်ငြိမ်အောင် ထိန်းညှိပေးရန် လိုအပ်ကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ဗလစိုး**

# ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကင်းကလေးဆေးရုံကြီး၌ ကျင်းပသော ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် (Cardiac Complex) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာ သာထွန်းကျော်၊ ရန်ကင်းကလေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်မြင့်ခိုင်နှင့် ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် (Cardiac Complex) ကို ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ်ရှိ ခေတ်မီခွဲစိတ်ခန်းကြီး၊ ခွဲစိတ်ပြီးလူနာများကို စောင့်ကြည့်ကုသခန်း၊ နှလုံးအထူးကြပ်မတ်ကုသဆောင်၊ ကလေးအထူးကြပ်မတ်ကုသဆောင်၊ နှလုံးနှင့် သွေးကြောဆိုင်ရာ ခွဲစိတ်ကုသဆောင်တို့တွင် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းကိရိယာများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ်၊ နှလုံးခွဲစိတ်ကုသဆောင်ရှိ အစည်းအဝေးခန်းမတွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။



ယင်းနောက် ရန်ကင်းကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်မြင့်ခိုင်က ရန်ကင်းကလေးဆေးရုံကြီး ခြောက်ထပ်တိုးချဲ့ဆောင်သစ် ဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းတည်ဆောက်ထားမှုများကို လည်းကောင်း၊ ကလေးနှလုံးခွဲစိတ်ကုသမှုပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာဝင်းဝင်းကျော်က ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတကာမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုတို့အား လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ရန်ကင်းကလေးဆေးရုံကြီးတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လမှ ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ သုံးနှစ်အတွင်း မွေးရာပါနှလုံးရောဂါ ကလေးလူနာများ၊ လေးဖက်နာ နှလုံးရောဂါ ကလေးလူနာများအား ခွဲစိတ်ရန်မလိုဘဲ အဆို့ (Device) ဖြင့်ပိတ်၍ ကုသခြင်း၊ ဘောလုံး (Balloon) ဖြင့်ချဲ့၍ ကုသခြင်း၊ နှလုံးကြောထောက်ပြွန် (stent) ထည့်သွင်း၍ ကုသခြင်း၊ နှလုံးပိုက်သွင်း၍ ရောဂါရှာဖွေခြင်းများကို နှလုံးပိုက်သွင်းစမ်းသပ်ကုသစက် (Catheterization Laboratory) ဖြင့် စုစုပေါင်း လူနာ ၇၇၉ ဦးအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Yangon New World စီမံကိန်းသို့ ဟူနန်ပြည်နယ် ပြည်သူ့အစိုးရ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ လာရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံရှိ China State Construction Engineering Corporation နှင့် ဇေကမ္ဘာကုမ္ပဏီတို့ အကျိုးတူပူးပေါင်းပြီး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ဆောင်ရွက်မည့် Yangon New World စီမံကိန်းသို့ ယနေ့ မွန်းလွဲ ၃ နာရီက ဟူနန်ပြည်နယ် ပြည်သူ့အစိုးရ ဒုတိယဝန်ကြီးချုပ် He Bao Xiang နှင့်အဖွဲ့ လာရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဟူနန်ပြည်နယ် ပြည်သူ့အစိုးရ ဒုတိယဝန်ကြီးချုပ် He Bao Xiang နှင့်အဖွဲ့သည် Yangon New World စီမံကိန်းပုံစံ ဒီဇိုင်းရေးဆွဲထားသည့် ဗီနိုင်းပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးပြီး **(ယာပုံ)** ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေက စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေအား ရှင်းလင်းပြောကြားသည်။

"China State Construction Engineering Corporation က တရုတ်နိုင်ငံ ဆောက်လုပ်ရေးလောကမှာတော့ နံပါတ်တစ်နေရာမှာ ရှိနေပါတယ်။ ကျွန်တော်တို့ ဇေကမ္ဘာကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းပြီး Yangon New World စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်။ ဇေကမ္ဘာက ၄၀ ရာခိုင်နှုန်း၊ တရုတ်ကုမ္ပဏီက ၆၀ ရာခိုင်နှုန်း ထည့်ဝင်ပြီး အကောင်အထည်ဖော်သွားမယ်" ဟု ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြောသည်။

အဆိုပါစီမံကိန်းသည် မြေဧက ၁၄ ဧက ကျယ်ဝန်းသည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုဟိုတယ်ဟောင်းနေရာတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး 5 Star အဆင့်ရှိ ဟိုတယ်အပါအဝင် လူနေအိမ်ခန်းများ၊ ရုံးခန်းများ၊ ဈေးဆိုင်များ ပါဝင်မည်ဖြစ်ပြီး ရန်ကုန်တွင်အကြီးဆုံး စီမံကိန်းဖြစ်လာမည်ဖြစ်ကြောင်း ဇေကမ္ဘာကုမ္ပဏီမှ သိရသည်။

China State Construction Engineering Corporation နှင့် ဇေကမ္ဘာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် Yangon New World စီမံကိန်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု



ကော်မရှင်၏ ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇေကမ္ဘာကုမ္ပဏီမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မင်းသစ်-(MNA)**

# One Belt One Road နှင့်ပတ်သက်သည့် စီးပွားရေးဆိုင်ရာဖိုရမ် မူဆယ်မြို့၌ ကျင်းပ

မူဆယ် စက်တင်ဘာ ၂၂

**မေခဆောင် ဖောင်ဒေးရှင်းမှ ဦးစီးကျင်းပ၍ မြန်မာ - တရုတ် ပူးပေါင်းကူညီဆက်ဆံရေး ဗဟိုအသင်းနှင့် Myanmar Representative Of the Chamber of Commerce of Dahong Prefeature Yunan PR China တို့ ပူးပေါင်းကျင်းပသည့် Impact of Belt and Road Initiative of Myanmar Economy ခေါင်းစဉ်ဖြင့် စီးပွားရေးဖိုရမ်ကို မူဆယ်မြို့ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်းတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။** (အောက်ပုံ)

အဆိုပါဖိုရမ်သို့ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မေခဆောင်ဖောင်ဒေးရှင်းမှ နာယကကြီးနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး အမြဲတမ်းတာဝန်ခံ Mr.Li Qi Gui နှင့် တာဝန်ရှိသူများ၊ တရုတ် - မြန်မာ ပူးပေါင်း




ကူညီဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး တယ်ဟုန်ပြည်နယ် ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး အမြဲတမ်းတာဝန်ခံ Mr.Li Qi Gui က တရုတ်နိုင်ငံက အဆိုပြုခဲ့သည့် The Belt and Road အဆိုပြုချက်ကို မြန်မာနိုင်ငံမှ အပြုသဘောဆောင်သည့် ဆန်းစစ်သုံးသပ်ချက်များပေးပြီး စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ကျန်းမာရေး တည်ဆောက်မှုကဏ္ဍများတွင် သိသာထင်ရှားသော အောင်မြင်မှုရလဒ်များ ရရှိနေပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့် စီမံကိန်းများ ရေးဆွဲပြီး ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအသီးသီး၏ ပူးပေါင်းလုပ်ဆောင်မှုကို မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မေခဆောင်ဖောင်ဒေးရှင်း နာယကနှင့် စကားဝိုင်းကျင်းပရေးဥက္ကဋ္ဌ ဒေါက်တာလှမောင်က One Belt One Road(OBOR) ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်သွယ်ဆိုသည်မှာ ကုန်းကြောင်း ရေကြောင်း လမ်းနှစ်သွယ်ဖြင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဆိုပြုချက်ဖြစ်ကြောင်း၊ လမ်းညွှန်စည်းမျဉ်းအနေဖြင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးအမြတ်များကို မျှဝေခံစားခြင်းဖြစ်ကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် တရုတ်ကုမ္ပဏီများသာမက ကမ္ဘာကျော်ကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုကို အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးဘဏ်မှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ OBOR တွင် နိုင်ငံပေါင်း ၆၈ နိုင်ငံ ကမ္ဘာ့လူဦးရေ၏ ၆၅ ရာခိုင်နှုန်း၊ ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ GDP ၏ ၄၀ ရာခိုင်နှုန်း ပါဝင်မည်ဖြစ်၍ ကမ္ဘာ့အကြီးဆုံးစီမံကိန်းကြီးဖြစ်ကြောင်း၊ ထို့ကြောင့် OBOR မှတစ်ဆင့် မြန်မာနိုင်ငံအတွက် မည်သို့အကျိုးစီးပွားရအောင် ဆောင်ရွက်သင့်သည်၊ အခက်အခဲကြုံတွေ့ရပါကလည်း မည်သို့ညှိနှိုင်းဖြေရှင်းရမည်တို့ကို သိရှိနားလည်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး Impact of Belt and Road Initiative on Myanmar Economy စကားဝိုင်းကို ဆက်လက်ကျင်းပရာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဒေါက်တာ မြင့်ဆန်း၊ UMFCCI ဥက္ကဋ္ဌရုံး အကြံပေး ဦးမြင့်အောင်၊ Deputy Director Sino-Myanmar Relation Resarch Institute မှ Mr.Duan Xiaodong၊ မြန်မာ - တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းမှ အကြံပေး ဦးအုန်းမြင့်နှင့် မေခဆောင် ဖောင်ဒေးရှင်းနာယက ဦးဇော်သန်းတို့က OBOR နှင့်ပတ်သက်သည့် ရရှိလာမည့် အကျိုးအမြတ်များ၊ ဖြစ်ပေါ်လာနိုင်သည့် အကျိုးအဆက်များ အကောင်အထည်ဖော်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးမြ (မန္တလေး)**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်း

**၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်လာကြသော လူကြီးမင်းများအားလုံး၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား ဖော်ဆောင်ပေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။**

ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထိုက် ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဦးဆောင်ကျင်းပတဲ့ အင်္ဂမအကြိမ်မြောက်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားမှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ကိုယ်စား စာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ယနေ့ ကမ္ဘာပေါ်မှာ ဒီမိုကရေစီကျင့်သုံးမှု ပိုမိုရှင်သန်ခိုင်မာလာစေရေး၊ ဒီမိုကရေစီစိတ်ဓာတ်များ အစဉ်ရှင်သန်နိုးကြားနေစေရေးနှင့် ဒီမိုကရေစီ ကျင့်စဉ်များနှင့်အညီ ဖော်ဆောင်ရေးတို့အတွက် နိုင်ငံအသီးသီးမှာ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့ကစပြီး အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာတော့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တဲ့ ၂၀၁၁ ခုနှစ်ကစပြီး နှစ်စဉ်ဂုဏ်ပြုကျင်းပခဲ့ရာ (၈) ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို နှစ်စဉ် ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာ ဆောင်ပုဒ်များ ချမှတ်၍ ဆောင်ရွက်ခဲ့ရာ ယခုနှစ်အတွက်ဆောင်ပုဒ်မှာတော့ "Oversight" "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ပဲဖြစ်ပါတယ်။

ဒီမိုကရေစီ ထာဝစဉ်ရှင်သန်နေဖို့ အရေးကြီးဆုံးအချက်ကတော့ ပြည်သူလူထု (လူတန်းစားအလွှာအသီးသီး)ဟာ မိမိနိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိတဲ့ ကဏ္ဍတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုပူးပေါင်း ဆောင်ရွက်ရာမှာလည်းပဲ ဒီမိုကရေစီရဲ့အဓိကအခြေခံဖြစ်တဲ့ ပြည်သူတစ်ဦးချင်းစီရဲ့ အသိစိတ်ဓာတ် ရင့်ကျက်မှုဖြင့် ဥပဒေနှင့်အညီ စည်းကမ်းလိုက်နာမှု၊ စောင့်ထိန်းမှုကို စနစ်တကျ အခြေပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါ အခြေအနေသို့ ရောက်ရှိရန် ဒီမိုကရေစီ ယဉ်ကျေးမှုနှင့်အညီ လိုက်လျောညီထွေ ကျင့်သုံးလိုက်နာဆောင်ရွက်နိုင်ရေး၊ ဒီမိုကရေစီအသိရှိရှိ နားလည်မှုကို အခြေခံ၍ မှန်ကန်သော အတွေးအခေါ်၊ အသိပညာကို အခြေခံ၍ မှန်ကန်သောအမြော်အမြင်၊ ဆင်ခြင်တုံတရားများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဥပဒေမဲ့၊ စည်းကမ်းမဲ့ ပြုလုပ်ခြင်းဟာ ပရမ်းပတာ ဒီမိုကရေစီကိုသာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့၊ သာယာဝပြောတဲ့ ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်နေစေရန်အတွက် နိုင်ငံတော်ကိုပဲ့ကိုင်နေတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ဖြင့်လည်း အပြန်အလှန်ထိန်းကျောင်းနေရမှာ ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်သူတို့မျှော်လင့်တောင့်တနေတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေကိုလည်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိစေခြင်းများဖြင့် ပြည်သူတွေရဲ့ လူမှုဘဝကို မြှင့်တင်ပေးရန်ဖြစ်ပြီး အများပြည်သူကလည်း ယုံကြည်လိုလားစွာ လက်ခံလိုက်နာဆောင်ရွက်မှသာ ထာဝရခိုင်မြဲတဲ့ ဒီမိုကရေစီစနစ်ပေါ်ထွန်းလာမှာ မလွဲကေန်ဖြစ်ပါတယ်။



ဗိုလ်မှူးကြီးသန်းထိုက် စာတမ်းဖတ်ကြားစဉ်။

ဒီမိုကရေစီကျင့်စဉ်မှာ နိုင်ငံသူ နိုင်ငံသားတိုင်းဟာ တည်ဆဲဥပဒေများနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကြရမှာဖြစ်ပါတယ်။ Mother Law ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရာမှာ ဥပဒေရဲ့အနှစ်သာရဖြစ်တဲ့ Spirit of Law ကိုလည်း တိတိကျကျ လိုက်နာရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရာမှာ အရေးကြီးလိုအပ်နေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို နိုင်ငံတော်က ကမကထပြု ကျင်းပဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ၊ အကြမ်းဖက်သောင်းကျန်းမှုတွေ ချုပ်ငြိမ်းသွားပြီး ထာဝရငြိမ်းချမ်းရေးရရှိသွားမှသာ ပြည်သူတွေလိုလားနေတဲ့ ဒီမိုကရေစီနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိမှာဖြစ်ပါတယ်။ ထို့ကြောင့် ယခုလိုလုပ်ငန်းစဉ်တွေမှာ တိုင်းရင်းသားပြည်သူများ အားလုံးအနေဖြင့်လည်း စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်ပေးကြရမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီစနစ်ဆိုတာ မှန်ကန်မှုကို အများဆန္ဒနဲ့ သဘောတူညီ ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ပါတယ်။ မှားမှားမှန်မှန် အများစု ညီသည်နှင့် "ဤ" ကို "ကျွဲ" လို့ဖတ်ခြင်းဟာလည်း ဒီမိုကရေစီမဟုတ်ဘူးဆိုတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ဒီလိုသာ ဆောင်ရွက်နေမယ်ဆိုလျှင် အဓမ္မဒီမိုကရေစီသာ ဖြစ်သွားပါမယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်မျှတသော ဒီမိုကရေစီကျင့်စဉ်ဖြစ်စေရေး အားလုံးပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပြီး တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်ခြင်းဖြင့် မရရှိနိုင်ပါဘူး။ ယခုနှစ်ဆောင်ပုဒ်ဖြစ်တဲ့ "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဆောင်ပုဒ်အတိုင်း ရည်ရွယ်ချက်အောင်မြင်စေရေး ၅၄ သန်းခန့်သော ပြည်ထောင်စုတိုင်းရင်းသားများ အနေဖြင့်လည်း မှန်ကန်သောစိတ်ထား၊ မှန်ကန်သော တွေးခေါ်မှုတွေကို မြတ်နိုးပြီး ရရှိလာတဲ့ မှန်ကန်သောအချက်အလက်များအပေါ်မူတည်၍ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်ပြည်ထောင်စု တိုင်းရင်းသား ပြည်သူအပေါင်းကလည်းပဲ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**"ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိ ဆောင်ရွက်ပေး" ဆောင်ပုဒ်အတိုင်း ရည်ရွယ်ချက်အောင်မြင်စေရေး ၅၄ သန်းခန့်သော ပြည်ထောင်စုတိုင်းရင်းသားများအနေဖြင့်လည်း မှန်ကန်သောစိတ်ထား၊ မှန်ကန်သော တွေးခေါ်မှုတွေကို မြတ်နိုးပြီး ရရှိလာတဲ့ မှန်ကန်သောအချက်အလက်များအပေါ် မူတည်၍ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်"**

## ပဲခူးမြစ်ကူးတံတား(ကျွဲကူးဆိပ်) စီမံကိန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးကို ဆက်သွယ်ဖောက်လုပ်မည့် ပဲခူးမြစ်ကူးတံတား (ကျွဲကူးဆိပ် )တည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ စက်တင်ဘာလ တတိယပတ်ကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်အမှာစကားပြောကြားသည်။

ယခုဆောက်လုပ်မည့် ပဲခူးမြစ်ကူးတံတား(ကျွဲကူးဆိပ်)သည် ဆားတလင်း-ဒါးပိန်- ကျွဲကူးဆိပ်လမ်းနှင့် သပြု - ရှမ်းကန် - ကဝ လမ်းကို ဆက်သွယ်ဖောက်လုပ်မည့် ပဲခူးမြစ်ကူးတံတားအသစ်တစ်စင်းဖြစ်ပြီး ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ဝေးကွာလွန်းသော နယ်မြို့လေးများ၏ စီးပွားရေးဖွံ့ဖြိုးမှုများအား အထောက်အကူပြုစေရန်၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းစတင်လာပါက ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စက်မှု/လက်မှု ကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရမည်ဖြစ်၍ ယခုစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပထမဆုံးပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းဖြစ်ပြီး အထောက်အပံ့ကောင်းများလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ လမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးများ၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လမ်းတံတားအဖွဲ့၊ ဆောက်လုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(မြန်/ဆက်)**

## မကွေးမြို့ တိုင်းပြည်သူ့ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မကွေး စက်တင်ဘာ ၂၂**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ဇော်၊ တိုင်းဒေသကြီး ဒုတိယ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှသန်းတို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၂၂၅ ဦးတို့သည် မကွေးမြို့ တိုင်းဒေသကြီးပြည်သူ့ဆေးရုံဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက စုပေါင်း သန့်ရှင်းရေး ပြုလုပ်သည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းဦး၊ တိုင်းဒေသကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်စိုးတို့က ကြည့်ရှုအားပေးခဲ့ကြပြီး မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်မှ တပ်ဖွဲ့ဝင်များ၊ ရဲအကူ တပ်ဖွဲ့ခွဲ၊ ယာဉ်ထိန်းတပ်ဖွဲ့ခွဲ၊ သတင်း၊ မှုခင်း၊ မူးယစ်/လူကုန်ကူးတားတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များ၊ ပေါင်းမြက်များ၊ အမှိုက် သရိုက်များ ခုတ်ထွင်ရှင်းလင်းပေးခဲ့ကြောင်း သိရ သည်။ **မေသူလွင် (မကွေး -ကိုယ်ပွား)**

## မန္တလေး-မြစ်ကြီးနား လမ်းပိုင်းရှိ ဘူတာရုံများတွင် ထပ်ဆင့်လွှင့်စက် တပ်ဆင်ဆောင်ရွက်

**မော်လူး စက်တင်ဘာ ၂၂**

မန္တလေး- မြစ်ကြီးနားမီးရထားလမ်းပိုင်းရှိ မော်လူးဘူတာရုံတွင် စက်တင်ဘာ ၂၀ ရက်က ဆက်သွယ်မှုရေဒီယာတိုင်များကို တာဝန်ရှိသူများက တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

ရေဒီယာတိုင် တပ်ဆင်ဆောင်ရွက်ရာ၌ နဘားဘူတာတွင် ပေ ၁၄၀၊ ပင်ဝဲတွင် ပေ ၈၀၊ မော်လူးတွင် ပေ ၈၀၊ နန့်စီးအောင်တွင် ပေ ၁၂၀ အမြင့်ရှိ၍ နန့်စီးအောင်ဘူတာတွင်(VHF) ထပ်ဆင့်လွှင့်စက်တိုင်ကို တပ်ဆင်ဆောင်ရွက်လျက်ရှိပြီး ဆက်သွယ်မှုရရှိစေရန် ရေဒီယာတိုင်ထောင်ခြင်းကို နံနက် ၇ နာရီမှ ည ၆ နာရီအထိ ဆောင်ရွက်ခဲ့သည်။

တပ်ဆင်ပြီးစီးသွားပါက အထက်ပါဘူတာများကို ကြီးကြပ်ရေးမှူး (ရထား)မိုးညှင်းမှ ရထားချိန်များ မှန်ကန်ခြင်း၊ တိုက်ရိုက်အချိန်နှင့် တစ်ပြေးညီ ကြီးကြပ်ကွပ်ကဲပြောဆို ဆက်သွယ်နိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ခင်မောင်ဆွေ(မော်လူး)**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စာတမ်း

**အားလုံးကို မင်္ဂလာပါ။ ယနေ့ ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြတဲ့ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ IPU မှ ပုဂ္ဂိုလ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။**

ကျွန်တော်ကတော့ လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) မှ ခေါင်လန်ဖူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့၏ ဆောင်ပုဒ်ဖြစ်သည့် ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး (oversight) ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဒီမိုကရေစီရှင်သန်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား -**

ဒီမိုကရေစီစနစ်သည် ယနေ့ကမ္ဘာပေါ်တွင် အသုံးအများဆုံးအုပ်ချုပ်မှု ပုံစံဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ဟူသည် ပြည်သူကိုအခြေပြုပြီး အကျိုးစီးပွားကို ပြည်သူ့ဆန္ဒနှင့်အညီ တူညီသောရည်မှန်းချက်ဖြစ်သည့် အမျိုးသားအကျိုးစီးပွား အလို့ငှာ ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒီမိုကရေစီဟုဆိုသည်နှင့် အခွင့်အရေးနှင့်အတူ တာဝန်လည်း ပါလာသည်ဖြစ်၍ နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်းစီတွင် တာဝန်ရှိလာပါတယ်။ တစ်ဦးချင်းစီတွင် ကျရောက်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဒီမိုကရေစီရှင်သန်လာအောင် တည်တံ့ခိုင်မြဲအောင် တည်ဆောက်ကြရမည်ဖြစ်ပါတယ်။ ဒီမိုကရေစီယဉ်ကျေးမှုဟူသည်မှာ ရှင်သန်ဖွံ့ဖြိုးသည့် ဒီမိုကရေစီလမ်းကြောင်းတွင် ပြည်သူလူထု၏ လိုလားတောင်းဆိုချက်များအပေါ် အစိုးရပိုင်း တာဝန်ရှိသူများအနေဖြင့် တလေးတစား နားထောင်ခြင်း၊ ကြည်ဖြူစွာ ကြိုဆိုခြင်း၊ အရေးတယူပြုခြင်းနှင့် ၎င်းတို့ လိုချင်ဖြစ်ချင်သည့် အချက်များကို လွှတ်တော်အတွင်း ပြန်လည်ဆွေးနွေးခြင်း၊ အခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ သုံးသပ်ဆောင်ရွက်ခြင်းတို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။

> **“ဒီမိုကရေစီအသွင်ကူးပြောင်းဆဲကာလမှာ ဒီမိုကရေစီအခွင့်အရေးများကို ပိုမိုကြီးထွား ရှင်သန်ခိုင်မာလာစေရေးအတွက် ဒီမိုကရေစီ ထိခိုက်ပျက်စီးနစ်နာနိုင်စေမည့် အပြောအဆို၊ အပြုအမူများကို ရှောင်ရှားပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒစွဲကင်းရှင်းစွာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရန် လွန်စွာအရေးကြီး”**



ဦးအာမိုးဆီ စာတမ်းဖတ်ကြားစဉ်။

ဒီမိုကရေစီစနစ်မှာ အရေးကြီးတဲ့ အခြေခံမှုများစွာရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ တန်းတူညီမျှမှု၊ ပြည်သူလူထုပါဝင်နိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ လွတ်လပ်၍တရားမျှတပြီး ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲရှိမှု၊ ရွေးကောက်ပွဲရလဒ်ကို လက်ခံနိုင်မှု၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်မှု၊ တရားဥပဒေစိုးမိုးမှု၊ အာဏာကိုအလွဲသုံးစားမှုပြုမှုအပေါ် ထိန်းချုပ်ကာကွယ်နိုင်မှုတွေ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးမှုသည် ဒီမိုကရေစီ ရေရှည်တည်တံ့ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိသည့် နေရာများတွင် ဒီမိုကရေစီမရှင်သန်နိုင်ပါ။

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသားတို့၏ မူလအခွင့်အရေး (Fundamental Rights) သို့မဟုတ် ပြည်သူ့ရပိုင်ခွင့် (Citizen Rights) ဟူသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရေးဆွဲကာ အခိုင်အမာပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရန် ကာကွယ်ပေးထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား -**

ဒီမိုကရေစီစနစ်တွင် လူတိုင်းလူတိုင်းသည် တူညီသောအခွင့်အရေးရှိသည်ဟု ယူဆသော်လည်း လူတို့သည် ရုပ်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ အသွေးအရောင်အမျိုးမျိုးရှိသည့်နည်းတူ အသိဉာဏ်သည်လည်း သဘာဝအရ လူတစ်မျိုးက အခြားတစ်မျိုးထက်သော်လည်းကောင်း၊ လူတန်းစားတစ်မျိုးက လူတန်းစားတစ်မျိုးထက်သော်လည်းကောင်း အခွင့်အရေးသာထိုက်သည်ဟူ၍ မရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်တွင် တိုင်းသူပြည်သားများမှာမူ အများအကျိုးနှင့် ပတ်သက်သော အလုပ်တို့တွင် ကိုယ်တိုင်ဝင်ရောက်ဆောင်ရွက်ခွင့်ရကြသဖြင့် အမြဲတိုးတက်လျက်ရှိသည်ကို တွေ့ရှိရပြီး တိုင်းသူပြည်သားတို့ တိုးတက်လေလေ ဒီမိုကရေစီစနစ်ကို ကြိုက်လေလေဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်အရ နိုင်ငံတစ်နိုင်ငံမှာ လူနည်းစုတွေအတွက် သတ်မှတ်ပြဋ္ဌာန်းတဲ့ အခွင့်အရေးကို ဘယ်သူကမှဖယ်ရှားခွင့် မရှိပါဘူး။ ဒီအခွင့်အရေးကို အစိုးရကသော်လည်းကောင်း လူအများစုလို့ သတ်မှတ်ထားတဲ့သူတွေကော ရွေးကောက်ခံပုဂ္ဂိုလ်တွေကလည်း ဖယ်ရှားခွင့်မရှိသည်ကို တွေ့ရှိရပါတယ်။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား-**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်မှသာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ချောမွေ့စွာ ဆောင်ရွက်နိုင်မှာ ဖြစ်သည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်တွင်းပြည်ပအဖျက်အမှောင့်အနှောင့်အယှက်များကို ကာကွယ်တားဆီးပေးခြင်းဖြင့် ဒီမိုကရေစီရှင်သန်ဖြစ်ထွန်းရေးကို အကာအကွယ်ပေးရာ ရောက်စေပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းဆဲကာလမှာ ဒီမိုကရေစီအခွင့်အရေးများကို ပိုမိုကြီးထွား ရှင်သန်ခိုင်မာလာစေရေးအတွက် ဒီမိုကရေစီ ထိခိုက်ပျက်စီးနစ်နာနိုင်စေမည့် အပြောအဆို၊ အပြုအမူများကို ရှောင်ရှားပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒစွဲကင်းရှင်းစွာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရန် လွန်စွာအရေးကြီးလှပါတယ်။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား -**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစု အများအပြားနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတို့ဖြင့် ဒွန်တွဲတည်ရှိနေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနှင့် ညီညွတ်စွာ ပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစည်းရာမှာ အားလုံးသဘောတူလက်ခံနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ် ပေါ်ထွန်းလာဖို့လိုအပ်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုနဲ့ တိုက်ရိုက်ဆက်စပ်လျက်ရှိနေသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တိုင်းပြည်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန်နှင့် ဒီမိုကရေစီ အမြဲရှင်သန်နိုင်စေရန်အတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်-

အားလုံးကို ကျေးဇူးတင်ပါတယ်-

## ပွင့်ဖြူ၌ ရွှေခရုများ ဖျက်ဆီးမှုကိုကာကွယ်ရန် တောင်သူများအား အသိပညာပေး

**ပွင့်ဖြူ စက်တင်ဘာ ၂၂**

ရောဝတီမြစ်ရေတက်မှု ကြုံတွေ့ရသည့် ကျေးရွာများရှိ စပါးခင်းများတွင်သာ အဖျက်ပိုးအဖြစ် ဝင်ရောက်တတ်သည့် ရွှေရောင်ခရုများ၏ ဖျက်ဆီးမှုမှ ကာကွယ်ရန် တောင်သူများထံ အသိပညာပေးမှုများ ဆောင်ရွက်ထားကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“လယ်ကတွတ်ဝမှာ ကျင်းတူးပြီး သူတို့အစာတွေဖြစ်တဲ့ သင်္ဘောရွက်၊ ကြက်ဆူရွက်နဲ့ ဂေါ်ဖီရွက်တွေ ထည့်ထားရပါတယ်။ ညဘက်ရောက်ရင် စုပြုံပြီး ရွှေခရုတွေ အစာလာစားကြပါတယ်။ မနက်ရောက်လို့ ကျင်းထဲကို ဆန်ခါလေးနဲ့ ထိုးကော်လိုက်ရင် အများကြီး တွေ့ရပါလိမ့်မယ်။ ရွှေရောင်ခရုပိုးသတ်ဆေး (မက်တယ်ဒီဟိုက်)က ဈေးကြီးပြီး ရှားပါတယ်။ လယ်ကတွတ်ဝမှာ ကာကွယ်တဲ့နည်းလမ်းနဲ့၊ အကောင်ကို လက်နဲ့ဖယ်တဲ့နည်းလမ်းက ၈၀ ရာခိုင်နှုန်းလောက် ကာကွယ်ပေးနိုင်တဲ့အကြောင်း ပညာပေးတာတွေလည်း လုပ်ထားပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မြင့်က ပြောသည်။

မြို့နယ်အတွင်းရှိ သမင်ခြံ၊ ပေတောနှင့် သင်းတုန်းရွာများရှိ စပါးစိုက်လယ်ကွင်းများအတွင်း ရွှေခရုကောင်များ အများဆုံးကျရောက်လျက်ရှိပြီး ကျေးရွာဒေသအချို့တွင်လည်း ခရုကျရောက်မှုများ ကြုံနေရကြောင်း၊ စပါးပင်များ၏ အောက်ခြေကို ရွှေရောင်ခရုကိုက်ဖြတ်ခြင်းကြောင့် တစ်လသားအရွယ် ပျိုးပင်များပျက်စီးလျက်ရှိကြောင်း သမင်ခြံကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

“ခရုကျရင် တစ်ကေကို နှစ်ရက်တည်းနဲ့ကုန်တာ။ ကျတာများတယ်။ ခရုတွေကို နေ့တိုင်းဆင်းကောက်ပြီး အိတ်တွေနဲ့ ထည့်ထားရတယ်၊ တချို့တောင်သူတွေဆိုရင် တစ်ကေကို နည်းနည်းပဲကျန်တယ်”ဟု တောင်သူတစ်ဦးက ဆိုသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၁၇ ခုနှစ်က ရွှေခရုများ ဝင်ရောက်မှုကြောင့် ကုန်းဇောင်းကျေးရွာနှင့် ဘွက်ကြီးကျေးရွာများရှိ နွေစပါးကေ ၁၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ကွင်းဆင်းပညာပေးခြင်းနှင့် အကူအညီပေးခြင်းများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။

**ဧယျတု(မကွေး)**

## ပူတာအိုမြို့နယ် မုံဂိုရ်ကျေးရွာ၌ အိမ်ထောင်စု ၉၄ စုအတွက် မြေငှားဂရန်ပေးအပ်

**ပူတာအို စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု မုံဂိုရ်ကျေးရွာတွင် ကျေးရွာမြေငှားဂရန် ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က မုံဂိုရ်ကျေးရွာခရစ်တော်၏ အသင်းတော် ယာယီဝတ်ပြုဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က ကျေးရွာမြေငှားဂရန်ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မုံဂိုရ်ကျေးရွာရှိ အိမ်ထောင်စု ၉၄ စုအတွက် ကျေးရွာမြေငှားဂရန်ပေးအပ်ကြရာ ကျေးရွာပြည်သူများကိုယ်စား ကျေးရွာတာဝန်ခံ ဦးထနမ်ဇန်ဆင်နှင့် ရပ်မိရပ်ဖ ဦးဒိန်ရခင်တို့က လက်ခံယူခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## စလင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**စလင်း စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်း စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို သရက်ချဉ်ကျေးရွာ အထက (ခွဲ) ၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးအောင်ကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်၊ မြို့နယ်လဝကဦးစီးမှူး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာဦးစီးမှူးများ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# သစ်တောဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၂၉။ သစ်တောအရာရှိသည် ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

**အခန်း(၉)**

**သစ်အခြေခံ အသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း**

၃၀။ သစ်အခြေခံအသုံးပြုသည့်အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ လွှစင်၊ လက်ကိုင်စက်လွှ၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်ကိုဖြစ်စေ၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သောသစ် ပရိဘောဂလုပ်ငန်း သို့မဟုတ် သစ်အခြေခံအခြားလုပ်ငန်းကိုဖြစ်စေ တည်ထောင်လုပ်ကိုင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်သည် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိ၏ခွင့်ပြုမိန့်ကို ရရှိပြီးမှသာ တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၃၀ ပါ ကိစ္စအလို့ငှာ အခွန်အခနှုန်းများ၊ ခွင့်ပြုမိန့်သက်တမ်းနှင့် ခွင့်ပြုမိန့်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

**အခန်း(၁၀)**

**ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၃၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ သစ်တောဝန်ထမ်းများ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများတွင် သတ်မှတ်ပေးရမည်။

၃၃။ (က) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိသည် ဖမ်းဆီးရမိသည့်သစ်တောထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ လက်ဝယ်တွေ့ရှိသူကို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) တစ်တန်ထက်မပိုသောကျွန်းသစ်ကို ဖြစ်စေ၊ ကျွန်းသစ်မဟုတ်သောတားမြစ်သစ်ပင်မှထွက်ရှိသည့် တစ်တန်ထက်မပိုသော သစ်ကိုဖြစ်စေ ဖမ်းဆီးရမိခြင်းဖြစ်လျှင် အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊

(၂) ကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှထွက်ရှိသော သစ်မှအပ တစ်တန်ထက်မပိုသော အခြားသစ်များ ဖမ်းဆီးရမိခြင်းဖြစ်လျှင် သစ်များ၏ ဒေသတန်ဖိုးနှစ်ဆနှင့် အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များကို ပြန်လည်ပေးအပ်ခြင်း၊

(၃) သစ်မှအပ ဒေသတန်ဖိုးကျပ်တစ်သိန်းထက်မပိုသော အခြားသစ်တောထွက်ပစ္စည်းဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုးနှင့် ကျပ်သုံးသိန်းထက်မပိုသော ဒဏ်ကြေးငွေပေးဆောင်စေပြီး ပစ္စည်းကိုပြန်လည်ပေးအပ်ခြင်း၊

(၄) မရွှေ့မပြောင်းနိုင်သော သစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုးနှစ်ဆနှင့် ကျပ်သုံးသိန်းထက်မပိုသော ဒဏ်ကြေးငွေပေးဆောင်စေပြီး ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သည့် အမိန့်ကို လိုက်နာသူအား ဤဥပဒေအရ တရားစွဲဆိုခြင်း မပြုရ၊ လိုက်နာရန် ပျက်ကွက်သူများကိုသာ ဤဥပဒေအရ တရားစွဲဆိုရမည်။

၃၄။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမားတစ်ဦးဦးကဖြစ်စေ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခဲ့လျှင် ဖမ်းဆီးသူသစ်တောအရာရှိသည် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူထံ ဆောလျင်စွာတင်ပြ၍ သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုသူက အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟု ယူဆလျှင် သတ်မှတ်သည့် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

၃၅။ (က) သစ်တောဝန်ထမ်းသည် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ရရန်ရှိသော အခွန်အခ၊ ဒဏ်ကြေးများကို မရရှိသေးသမျှ ယင်းသစ်တောထွက်ပစ္စည်းကို ထိန်းသိမ်းထားနိုင်သည်။

(ခ) သတ်မှတ်ကာလအတွင်း အခွန်အခ၊ ဒဏ်ကြေးများပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မခွဲ (က) အရ ထိန်းသိမ်းထားသော သစ်တောထွက်ပစ္စည်းကို သစ်တောအရာရှိသည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ စီမံခန့်ခွဲရမည်။

**အခန်း(၁၁)**

**အယူခံခြင်း**

၃၆။ (က) ဤဥပဒေအရ မြို့နယ် သို့မဟုတ် ခရိုင်သစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိထံ သတ်မှတ်သည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် မြို့နယ် သို့မဟုတ် ခရိုင်သစ်တောအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၇။ (က) ဤဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည်ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၈။ (က) ဤဥပဒေအရ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ရမည်။

**အခန်း(၁၂)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၉။ မည်သူမဆို တရားဝင်ပိုင်ဆိုင်သော သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဖမ်းဆီးရမိသော သစ်တောထွက်ပစ္စည်းများကို တရားဝင်ပိုင်ဆိုင်သူအား ပြန်လည်ပေးအပ်ရမည်-

(က) မျှောစာမပါဘဲ သယ်ယူရွှေ့ပြောင်းခြင်း၊

(ခ) မျှောစာတွင် ဖော်ပြထားသော ခရီးလမ်းဆုံးမှတစ်ပါး အခြားဒေသသို့ သယ်ယူရွှေ့ပြောင်းခြင်း။

၄၀။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်-

(၁) သစ်တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(၂) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(၃) ခွင့်ပြုမိန့်မရရှိဘဲ သစ်တောနယ်မြေအတွင်းပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(၄) သစ်တောနယ်မြေအတွင်း ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(၅) သစ်တောကင်းရုံး၏ စစ်ဆေးခြင်းကို မခံယူဘဲ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၆) သစ်တောနယ်မြေအတွင်း ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(၇) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားခြင်းမှအပ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ခွင့်ပြုမိန့်မရှိဘဲ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) (၂) (၃) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ တရားခံကို ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်မှုနှင့်သက်ဆိုင်သည့် လူ၊ တိရစ္ဆာန်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို စီရင်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားစေ၍ ယင်းသစ်တောနယ်မြေအား ဝန်ကြီးဌာနကို လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်ရမည်။

၄၁။ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူအား နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့်တားမြစ်သစ်ပင်မှအပ အခြားသစ်ပင်မှ ထွက်ရှိသော သစ်များအားထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှအပ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (စ) အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ရောင်းချခြင်း သို့မဟုတ် အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း၊

(ဃ) သစ်တောနယ်မြေအတွင်း သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(င) ဝန်ကြီးဌာနက စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း။

၄၂။ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်အခြေခံအသုံးပြုသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့်ပရိဘောဂလုပ်ငန်းများမှအပ ခွင့်ပြုမိန့်မရရှိဘဲ လွှစင်၊လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်တည်ထောင်လုပ်ကိုင်ခြင်း၊ လက်ကိုင်စက်လွှ လက်ဝယ်ထားရှိခြင်း။

၄၃။ (က) မည်သူမဆိုခွင့်ပြုမိန့်မရရှိဘဲ တစ်တန်ထက်ပိုသော ကျွန်းသစ်ကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း ပြုလျှင် ထိုသူအား အနည်းဆုံးငါးနှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကို သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား အနည်းဆုံးငါးနှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဂ) မည်သူမဆိုသစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေမှအပ ကျန်မြေပေါ်တွင် ပေါက်ရောက်တည်ရှိနေသော ကျွန်းပင်ကို သော်လည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်မှအပ အခြားကျွန်းပင်ကိုသော်လည်းကောင်း ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်းပြုလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်နှစ်သိန်းမှ အများဆုံးကျပ်ခြောက်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဃ) မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်များမှအပ မှတ်ပုံတင်ထားခြင်းမရှိသော ကျွန်းပင်ကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်းဖြစ်လျှင် ထိုသူအားတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်နှစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(င) မည်သူမဆိုပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်ကို ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ဖြတ်ခြင်းပြုလျှင် ထိုသူအားခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်-

(က) သစ်တောဝန်ထမ်းများ အသုံးပြုသည့် တံဆိပ်တုံးတစ်ခုခုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုပြုလုပ်ခြင်း၊ တံဆိပ်တုံးအတုကို လက်ဝယ်ထားခြင်း သို့မဟုတ် တံဆိပ်တုံးအတုဖြင့် သစ်တောထွက်ပစ္စည်းတွင် ရိုက်မှတ်ခြင်း၊

(ခ) သစ်တောဝန်ထမ်းများအသုံးပြုသည့်တံဆိပ်တုံး သို့မဟုတ် ကိုယ်ပိုင်တံဆိပ်တုံးကို သစ်တောထွက်ပစ္စည်းတွင် တရားမဝင်ရိုက်မှတ်ခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်းတွင် သစ်တောဝန်ထမ်း သို့မဟုတ် ယင်းကတာဝန်ယူကြီးကြပ်၍ လွှဲအပ်ထားသူက ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပုံသဏ္ဍာန်ပျက်အောင် ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် မထင်ရှားစေရန် ဖျက်ပစ်ခြင်း၊

(ဃ) သစ်တောနယ်မြေ နယ်နိမိတ်အမှတ်အသားတစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဍာန်ပျက်အောင် ပြုလုပ်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြစာသင်ကျောင်းဆောက်လုပ်ရေး လမ်းညွှန်စာအုပ်မိတ်ဆက်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

**လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြစာသင်ကျောင်း ဆောက်လုပ်ရေးလမ်းညွှန်စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)





ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် မတူကွဲပြား၊ ထူးခြားသည့် မြေမျက်နှာသွင်ပြင်၊ လူမျိုးများ၊ ဓလေ့ထုံးတမ်းများ၊ ဘာသာစကားများ၊ ယုံကြည်ကိုးကွယ်မှုများ၊ အရင်းအမြစ်များနှင့် ဖွဲ့စည်းထားသော နိုင်ငံဖြစ်ပါကြောင်း၊ စာသင်ကျောင်း ဆောက်လုပ်ရာတွင်လည်း ကျေးရွာလူထုအခြေပြုစာသင်ကျောင်းများ၊ အစိုးရစာသင်ကျောင်းများနှင့် သဘာဝဘေးအန္တရာယ်၊ ပဋိပက္ခများဖြစ်ပွားပြီးနောက် ပြန်လည်တည်ဆောက်သည့် စာသင်ကျောင်းများစသည်ဖြင့် မတူကွဲပြားသော အလေ့အထများဖြင့် ဆောက်လုပ်လျက်ရှိနေပါကြောင်း၊ ယခုအခါ မတူကွဲပြားသည့်လိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးမည့် လမ်းညွှန်စာအုပ်ကို ပူးပေါင်းရေးဆွဲနိုင်ခဲ့ပြီဖြစ်ပါကြောင်း ယခင်က စာသင်ကျောင်းများ ဆောက်လုပ်ခြင်းဆိုင်ရာ စံနှုန်းများ သတ်မှတ်ရာတွင် ပညာရေးဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူလုပ်ဆောင်ခဲ့ရပါကြောင်း၊ ယခုအခါ လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြကျောင်းများ ဆောက်လုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘက်စုံလွှမ်းခြုံသော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ နှင့် အညီ အရည်အသွေးရှိသော ပညာရေးစနစ်ကို တည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာကို အရည်အသွေးရှိအောင် ဖြည့်ဆည်းပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ အရည်အသွေးလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။

၎င်းလမ်းညွှန်ချက်ပါ စံသတ်မှတ်ချက်များနှင့်အညီ အရည်အသွေးပြည့်ဝ၍ လုံခြုံဘေးကင်းပြီး ကလေးပျော်စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်းဖြင့် မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သည့် ပညာရေးစနစ်ကို အထောက်အကူပြု ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံသံရုံးမှ Mr.Markus Buerli, Head of Cooperation a.i. က ဆွစ်ဇာလန်-မြန်မာပူးပေါင်း ဆောင်ရွက်မည့် ၂၀၁၉-၂၀၂၃ အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက "လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြစာသင်ကျောင်းဆောက်လုပ်ရေးလမ်းညွှန်" စာအုပ်အား မိတ်ဆက်တင်ပြသည်။

ဆက်လက်၍ ဆွစ်ဇာလန်နိုင်ငံသံရုံးမှ Mr. Thierry Umbehr, Head of Humanitarian Affairs က "Safe and ChildFriendly School Construction Guidelines" စာအုပ်နှင့် ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံ၏ ထောက်ပံ့မှုအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



■ *ကျော့ဖုံးမှ*

တာဝန်ရှိသူများ၊ အစုရှယ်ယာဝင်များဖြစ်သည့် MPRL E&P၊ Woodside နှင့် Total ကုမ္ပဏီတို့မှ တာဝန်ရှိသူများက တွင်းတူးဖော်ခဲ့မှုအခြေအနေ၊ သဘာဝဓာတ်ငွေ့စမ်းသပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အကဲဖြတ်တွင်း တူးဖော်စမ်းသပ်နေမှုအခြေအနေများကို လိုက်လံစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် MPRL E&P Pte Ltd. မှ ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံ Woodside Energy (Myanmar) Pte Ltd. မှ ၄၀ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံ Total E&P Myanmar Co.,Ltd. မှ ၄၀ ရာခိုင်နှုန်း အသီးသီးအချိုးကျပါဝင်ကာ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အကဲဖြတ်တွင်း ရွှေရည်ထွန်း (၂) ကို လုပ်ကွက် A-6 ၏ ပဋ္ဌမမြောက်တွင်းအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်တွင် ရေအနက် ၂၃၂၅ မီတာနေရာ၌ တူးဖော်ခဲ့ခြင်းဖြစ်ပြီး ရှာဖွေရေးတွင်း၊ အကဲဖြတ်တွင်းများ တူးဖော်ခြင်း၊ ရှာဖွေခြင်းဆိုင်ရာ လုပ်ငန်းများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အဆင့်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်သူ့အရေးအတွက် ရေးပေးခဲ့တဲ့ ပြည်သူ့အရေးဆောင်းပါးများ စာအုပ်မိတ်ဆက်

**မန္တလေး စက်တာဘာ ၂၂**

ဂျပန်နိုင်ငံ၏ လက်ရှိအောင်မြင်ဖြစ်ထွန်းနေသည့် စနစ်ကျသော လုပ်ဆောင်မှုများနှင့် လက်ရှိမြန်မာနိုင်ငံ၏ စနစ်မကျသေးသော လုပ်ဆောင်မှုများကို နှိုင်းယှဉ်တင်ပြရေးသားထားသည့် " ပြည်သူ့အရေးအတွက်ရေးပေးခဲ့တဲ့ ပြည်သူ့အရေး ဆောင်းပါးများ" စာအုပ်ဖြန့်ချိမိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

စာရေးဆရာ ဦးဦးကျော်က "ကိုယ့်တိုင်းပြည်နဲ့ အံမဝင်ဘူးလို့ ထင်တာလေးတွေကို သတင်းစာတွေမှာ ဖတ်ရတယ်၊ ဒါနဲ့ စာရေးချင်စိတ် ပေါက်ပြီးတော့ ရေးဖြစ်သွားတာပါ။ ဒီစာအုပ်ကို နိုင်ငံ့ဝန်ထမ်းတွေ များများ ဖတ်စေချင်ပါတယ်။ လူငယ်တွေကို ပြောချင်တာက ဖေ့စ်ဘွတ်ခ်ပေါ်မှာပဲ တင်းတိမ်မနေကြနဲ့၊ စာအုပ်တွေကို များများ ဖတ်ကြပါ" ဟု အဆိုပါ စာအုပ်နှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## အနောက်တောင်မုတ်သုံလေ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

**မိုး/ဇလ**

❒ *ကျော့ဖုံးမှ*

တစ်ဆိုင်းကို တွဲ ၁၃ တွဲ၊ ၁၄ တွဲပါမယ်။ တွဲ ၁၀၀ အထိ ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေတယ်။ အဲဒီတွဲတွေ ထွက်လာရင် လက်ရှိ လမ်းပိုင်းတွေက ညံ့တဲ့ တွဲတွေနေရာမှာ အစားထိုးပြေးဆွဲမယ်" ဟု ရန်ကုန်ဘူတာကြီးမှ လက်ထောက်တိုင်းမန်နေဂျာ ဦးအောင်နိုင်မြင့်က ပြောသည်။

အဝေးပြေးရထားတွဲများအဆင့်မြှင့်တင်မှုသာမက ရန်ကုန်မြို့ပတ်လမ်းပိုင်းများကိုလည်း အဆင့်မြှင့်ဆောင်ရွက်လျက်ရှိရာ တညင်းကုန်းဘူတာနှင့် အင်းစိန်ဘူတာကို စတင်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-မန္တလေးလမ်းပိုင်းကိုလည်း ၂၀၁၉ ခုနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဟု သိရသည်။

သုံးနှစ်အတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်းများ အဆင့်မြှင့်တင်မှု ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီး ထိုသို့ ပြီးစီးသွားပါက ဘူတာနှင့် ပလက်ဖောင်းများကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ရာ ရထားနှင့် ပလက်ဖောင်းတစ်ညီတည်းထားရှိပြီး ဂျပန်မှ ရရှိသော DMU ရထားများဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်၍ လက်ရှိမြို့ပတ်ရထားများ သုံးနာရီကြာချိန်တွင် ယင်းရထားများဖြင့် နှစ်နာရီသာကြာမြင့်မည်ဟုသိရသည်။

ရန်ကုန် - မန္တလေးလမ်းပိုင်းကို အဆင့်မြှင့်တင်ရာ၌ ခုနစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး သုံးနှစ်တွင် တောင်ငူအထိ ပြီးစီးမည်ဖြစ်ရာ DMU ရထားများဖြင့် ပြေးဆွဲမည်ဖြစ်၍ လက်ရှိ ရန်ကုန်-မန္တလေး ၁၅ နာရီကြာချိန်မှ ၈ နာရီသာကြာမြင့်တော့မည် ဖြစ်သောကြောင့် ရထားပြေးဆွဲနှုန်းအရှိန်ကို ခံနိုင်စေရန် ရန်ကုန်မြို့အဝင် ဘူတာများတွင် အုတ်တံတိုင်းများကာရံခြင်း၊ ရထားလမ်းကူးနေရာတို့တွင် လူကူးခုံးကျော်တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားဘူတာ ၃၉ ခုနှင့် ရန်ကုန်-မန္တလေးခရီးစဉ်တွင် ဘူတာပေါင်း ၅၀ ကျော်ထားရှိပြီး ပုဂံရထားကို ခုနစ်တွဲမှ ၁၀ တွဲအထိ ပြည်လိုင်းတွင် ၇၁ တွဲဆိုင်းနှင့်စာပို့ရထား၊ သာရဝေါ ရထား၊ မော်လမြိုင်၊ ရွှေညောင်သို့ ပြေးဆွဲလျက်ရှိပြီး ပွင့်လင်းရာသီတွင် ရန်ကုန်-မန္တလေးလမ်းပိုင်းမှာ တွဲဆိုင်းအပြည့်ပြေးဆွဲသော်လည်း မလုံလောက်သောကြောင့် အထူးရထားများ ပြေးဆွဲပေးလျက်ရှိကာ ယခုပြေးဆွဲနေသော ရထားများနေရာတွင် လာမည့် ငါးနှစ်၌ လေအိတ်ရထားများနှင့် ဂျပန်နိုင်ငံမှ DMU ရထားများ အစားထိုးဝင်ရောက်မည်ဖြစ်၍ ခရီးသွားပြည်သူများ အချိန်ကုန်သက်သာစွာဖြင့် ခရီးသွားလာနိုင်ရန် မြန်မာ့မီးရထားက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လေအိတ်ရထားများကို မကြာမီကာလ၌ မြစ်ငယ်မီးရထားစက်ရုံမှ တပ်ဆင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



**စက်တင်ဘာ ၂၀ ရက်က (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)မှ ရဲတပ်ဖွဲ့ဝင်များက နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းရာ တပ်ဖွဲ့ဝင်များအား စည်ပင်သာယာရဲတပ်ဖွဲ့မှူး (နေပြည်တော်) ရဲမှူးကြီး ဟန်ထွန်းက အားဆေးနှင့် ဖြည့်စွက်အစာများ ပေးအပ်စဉ်။** သတင်းစဉ်

● *ကျော့ဖုံးမှ*

ခြေစစ်ပွဲကျင်းပသည့် ပုံစံအရ ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပနေပြီး ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရနှစ်သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အုပ်စု (င) နောက်ဆုံးနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မြန်မာနှင့် ဖိလစ်ပိုင်၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် အိမ်ရှင်နီပေါနှင့် မလေးရှားတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၂

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဌေးကျော်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဌေးကျော်

**လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသား မြန်မာပြည်သူများခင်ဗျား...**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) က မင်္ဂလာပါလို့ ရိုသေလေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်က မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)၊ Myanmar People's Democratic Party ၏ ပါတီဥက္ကဋ္ဌ ဦးဌေးကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပါတီရဲ့ကိုယ်စား ပါတီမူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို အနှစ်ချုပ် တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီသည် ပြည်ထောင်စုတိုင်းရင်းသားများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးစုများနှင့် တိုင်းရင်းသားများဖြစ်သော မြန်မာပြည်သူများကို အခြေခံဖွဲ့စည်းထားသော ပြည်သူ့အမြုတေပါတီသစ်တစ်ရပ် ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် မြန်မာ့နိုင်ငံရေးလောကရဲ့အထွေထွေဖြစ်စဉ် အခြေအနေများအရ နိုင်ငံတော်တည်ဆောက်ရေးသမား၊ နိုင်ငံရေးသမားများ လိုအပ်လျက်ရှိတာကြောင့် ၎င်းကွက်လပ်ကို ဖြည့်ဖို့အတွက် ၂၀၁၇ ခုနှစ် မေလ(၁၈)ရက်နေ့တွင် တရားဝင်နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိခဲ့ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုတစ်ဝန်းလုံး ပါတီစည်းရုံးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စည်းရုံးဆောင်ရွက်လျက်ရှိသောကြောင့် ဥပဒေအရ ဥပမိဂုဏ်ရှိသည့်ပါတီသစ် (Legal Personality Party) ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီဌာနချုပ်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ ပဲခူးလမ်းရပ်ကွက်၊ ဦးဘသင်းလမ်း၊ အိမ်အမှတ်(၃)မှာ တည်ရှိပါတယ်။

ပါတီ (MPD) ဖွဲ့စည်းတည်ထောင်ရသော ဦးတည်ချက်ကတော့ ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ ဒီမိုကရေစီပြည်သူ့အစိုးရစနစ် တည်ဆောက်ရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စများမှာ ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက် ရွေးချယ်ဆုံးဖြတ်ခွင့်ရရေးနှင့် ပြည်သူ့ဘဝကို ပြည်သူများကိုယ်တိုင် ပုံဖော်ထုဆစ် ဖော်ဆောင်သွားနိုင်ရေးစသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းများ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တည်ထောင်ရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒများကို ပြည်သူများအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ဦးတည်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီရည်ရွယ်ချက်ကတော့ နိုင်ငံတော်အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော နိုင်ငံသားပြည်သူများလက်ဝယ်သို့ အချုပ်အခြာအာဏာ အပြည့်အဝ ပြန်လည်ရရှိကျင့်သုံးနိုင်ရေးပဲ ဖြစ်ပါတယ်။ ပြည်သူများရဲ့ ဘဝကံကြမ္မာကို ပြည်သူများကိုယ်တိုင် ဆုံးဖြတ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။

ပါတီအခြေခံမှုကတော့ အာဏာရှင်၊ အာဏာရှင်ပုံစံအမျိုးမျိုးနဲ့ အာဏာရှင်စနစ်ကို ဆန့်ကျင်ပြီး ခေတ်မီသော မူဝါဒနှင့် စည်းမျဉ်းဥပဒေများကို အခြေခံပြီး ဖွဲ့စည်းထားသော၊ အဖွဲ့အစည်းအခြေပြု ဒီမိုကရက်တစ်နိုင်ငံရေးစနစ် (Rule base democratic political Institution system) ဖြင့် စစ်မှန်သော ဒီမိုကရေစီ ပြည်သူ့အစိုးရစနစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်သွားရန်ဖြစ်ပါတယ်။

ပါတီမူဝါဒကတော့ ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ပြည်သူ့ရေးရာမူဝါဒ (Public Policy)များပင် ဖြစ်ပါတယ်။ ပြည်သူများ၏ ဆန္ဒသဘောထားကို ထင်ဟပ်၍ ပကတိနိုင်ငံတော်အခြေအနေများနှင့် ကိုက်ညီသင့်လျော်သည့် ကောင်းမွန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် မူဝါဒကောင်းများဖြင့် အခိုင်အမာတည်ဆောက်သွားရန် ဖြစ်ပါတယ်။

ပါတီရပ်တည်ချက်ကတော့ ပါတီ၏ အခြေခံရပ်တည်ချက်မဏ္ဍိုင်(၃)ရပ်အပေါ်မှာ အခိုင်အမာရပ်တည်ပြီး ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်လည်း မကိုက်ညီ၊ ဓမ္မဓိဋ္ဌာန်လည်းမကျ၊ လျော်ကန်သင့်မြတ်မှုလည်းမရှိ၊ ပြည်သူများနှင့်လည်း အံဝင်ခွင်ကျ သဟဇာတဖြစ်မှုမရှိဘဲ ပြည်သူနှင့် နိုင်ငံတော်ကို ထိခိုက်နစ်နာအကျိုးယုတ်လျော့စေမည့် ပုံတူကူးချ ဝါဒသဘောတရားအယူအဆများကို ဆန့်ကျင်ပြီး ပြည်ပသြဇာခံ လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် လုံးဝပူးပေါင်းလက်တွဲဆောင်ရွက်သွားမည် မဟုတ်ဘဲ မူဝါဒတူ၊ ရည်ရွယ်ချက်တူသော လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် မိတ်ဖက်ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်ဖြစ်ပါတယ်။ ဒါကြောင့် ပါတီရဲ့ အခြေခံရပ်တည်ချက်မဏ္ဍိုင်(၃)ရပ်ကို တင်ပြရလျှင်-

(၁) အမျိုးသားအကျိုးစီးပွား (National Interest)

(၂) အမျိုးသားလုံခြုံရေး (National Security) နှင့်

(၃) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး (National Development) တို့ပဲ ဖြစ်ပါတယ်။

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီက အစဉ်စောင့်ထိန်းဆောင်ရွက်သွားမယ့် တရား(၃)ပါးကတော့ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းဆိုသည့် လောကပါလတရားများ နိုင်ငံတော်နှင့် ပြည်သူများအတွင်း ထွန်းကားလာရေးအတွက် အစဉ်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

ပါတီအနေနဲ့ပြည်သူများရဲ့ မူလအခွင့်အရေးများ မဆုံးရှုံးစေဖို့ ကာကွယ်စောင့်ရှောက်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ (People's Initial Rights-PIR)

နိုင်ငံတော် အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သည့် ပြည်သူများမှ ပြည်သူ့ကိုယ်စား ပြည်သူ့အတွက်ဆောင်ရွက်ပေးရန် ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့တာဝန်ပျက်ကွက်လျှင် ကိုယ်စားလှယ်တာဝန်မှ ပြန်ရုပ်သိမ်းခွင့် (Right to Recall) ရရှိစေရန်နှင့် ပြည်သူ့အကျိုးစီးပွားဖျက်ဆီးသော၊ ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူ့တာဝန်မဆောင်ရွက် တာဝန်မကျေ တာဝန်ပျက်ကွက်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားရေးမဏ္ဍိုင်များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဖွဲ့များအား ပြစ်တင်ရှုတ်ချပြီး တာဝန်မှ ရပ်စဲခွင့် (Impeachment Power) ပြန်လည်ရရှိရေး ကျင့်သုံးဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူများ၏ အမြင့်ဆုံးအဆုံးအဖြတ်ပေးမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ (Referendum Power-RP) ကိုလည်း ပြည်သူများကျင့်သုံးနိုင်စေရန်အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီလမ်းစဉ်အနေဖြင့် ပြည်သူရေးရာကဏ္ဍများဖြစ်သော တိုင်းရင်းသားလူမျိုးများရေးရာ၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဘာသာရေး၊ အမျိုးသားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ တောင်သူလယ်သမားရေးရာ၊ အလုပ်သမားရေးရာ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစောင့်ရှောက်ကာကွယ်ရေး၊ အမျိုးသမီးရေးရာ၊ ကျောင်းသားလူငယ်ရေးရာ၊ ကလေးသူငယ်သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာဆက်ဆံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ပါတီလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အသေးစိတ်ချမှတ်ထားရှိပြီး ဖြစ်ပါတယ်။ မူဝါဒကောင်းနဲ့ လုပ်ငန်းစဉ်ကောင်း သဟဇာတဖြစ်မှသာ ပန်းတိုင်ရောက်မှာ ဖြစ်ပါတယ်။

မူဝါဒနဲ့ လမ်းစဉ်ဘယ်လောက်ကောင်းကောင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိုယ်စားလှယ်က ပဓာနကျတာ တွေ့ရှိရပါတယ်။ ပါတီကို ကြည့်ရွေးရင် မူဝါဒကောင်း၊ လမ်းစဉ်ကောင်းကိုပဲရမှာ ဖြစ်ပါတယ်။ လူကြည့်ရွေးမှ အရည်အချင်းရှိတဲ့ လုပ်ရည်ကိုင်ရည်ရှိတဲ့ ကိုယ်စားလှယ်ကောင်းကိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပါတီလည်း ကြည့်၊ လူလည်းကြည့်ရွေးချယ်ပါမှ ရွေးကောက်ပွဲပြီးတဲ့အခါ မဲဆန္ဒရှင်ပြည်သူတွေနဲ့ မိမိတို့မြို့နယ်မှ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းကို လက်ဝယ်ရရှိမှာ ဖြစ်ပါတယ်။ ပြည်သူများ၏ ဒီမိုကရေစီအခြေခံကျင့်စဉ်ဖြစ်သော ရွေးကောက်ပွဲများတွင် ပြည်သူများ ဆန္ဒမဲပေးခြင်းဖြင့် မိမိတို့၏ ရင်ထဲမှာရှိတဲ့ ပြည်သူ့ဆန္ဒသဘောထားအသစ်များကို ဖော်ထုတ်ခွင့်၊ ရွေးချယ်ခွင့်အသစ်များကိုလည်း ရရှိစေမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယခုကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ်(၃)နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံသွားမှာ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)တွင် ပါဝင်သည့် ကျေးရွာများမှာ နေထိုင်ကြတဲ့ မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား...**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီသည် ကျေးလက်နေမဲဆန္ဒရှင်ပြည်သူများရဲ့ လူမှုစီးပွားဘဝအခြေအနေများနှင့် ပြည်သူ့ဆန္ဒလိုအပ်ချက်များကို သိရှိနားလည်သော ပါတီဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ပဓာနကျတဲ့ ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားအတွက် ကျေးလက်ပြည်သူ့ဘဝကို နားလည်ပြီး၊ ကျေးရွာအကျိုးကို ဆောင်ရွက်နိုင်စွမ်းအရည်အချင်းနှင့် ပြည့်စုံပြီး ဆောင်ရွက်လိုစိတ်ရှိသော ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို ပါတီမှ ရွေးချယ်တာဝန်ပေးအပ်ထားပါတယ်။ ပညာအရည်အချင်းရှိသူတစ်ဦးဖြစ်ပြီး လက်ရှိ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖို/မင်းလှဒေသမှာ မြေလွတ်၊ မြေရိုင်းဖော်ထုတ်စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ဥက္ကဋ္ဌအနေဖြင့် တာဝန်ယူလက်တွေ့ဆောင်ရွက်နေပြီး ရပ်ရေးရွာရေး လူမှုပရဟိတလုပ်ငန်းများလည်း ဆောင်ရွက်နေတာကြောင့် ဒေသလိုအပ်ချက်နှင့် မဲဆန္ဒရှင် ပြည်သူများရဲ့လိုအပ်ချက်ဆန္ဒနဲ့ လူမှုစီးပွားဘဝကို တစ်ထပ်တည်းကျစေမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးကိုယ်စားလှယ်လောင်းရဲ့ အမည်ကတော့ ဦးချစ်ခိုင်ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်မှာရှိကြတဲ့ မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား...**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ( MPD)သည် မြို့ပြနေမဲဆန္ဒရှင် ပြည်သူများရဲ့ လူမှုစီးပွားဘဝ အခြေအနေများနှင့် ပြည်သူ့လိုအပ်ချက်ဆန္ဒများကို ကျေးလက်နေပြည်သူများနည်းတူ သိရှိနားလည်ထားသောပါတီ ဖြစ်ပါတယ်။ ပညာအရည်အချင်းရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်ရှိသော ဆိပ်ကမ်းမြို့နယ်သား စက်မှုအင်ဂျင်နီယာပညာရှင်တစ်ဦးကို ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ပါတီမှ ရွေးချယ်တာဝန်ပေးအပ်ထားပါတယ်။ လူမှုပရဟိတစိတ်ဓာတ်ကောင်းရှိပြီး ဆိပ်ကမ်းမဲဆန္ဒရှင်ပြည်သူများရဲ့ လူမှုစီးပွားဘဝနဲ့ဆန္ဒကို အစွမ်းကုန် ဆောင်ရွက်




ပေးနိုင်မယ့်သူ ဖြစ်ပါတယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အမည်ကတော့ ဦးဇီဝဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ် မဲဆန္ဒနယ်အတွင်းမှာ ပါဝင်နေထိုင်ကြတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား...**

ပါတီအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြင့်မားစွာဖြင့် ဘက်စုံ၊ ကဏ္ဍစုံ တိုးတက်နေတဲ့ မြို့နယ်ဖြစ်သော တာမွေမြို့နယ်အတွက် အဓိကလိုအပ်နေမှာကတော့ အရည်အချင်းပြည့်ဝတဲ့ စီမံခန့်ခွဲမှုကောင်းမွန်သော ဖွံ့ဖြိုးရေးပညာရှင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ခွင့်ရရှိရေးပဲ ဖြစ်မယ်ဆိုတာ ယုံကြည်မိပါတယ်။ အဲဒီအရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ဖွံ့ဖြိုးရေးပညာ မဟာဘွဲ့ရပညာရှင်တစ်ဦးကို တာမွေမြို့နယ် မဲဆန္ဒရှင်ပြည်သူများအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ရွေးချယ်တာဝန်ပေးအပ်ထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အမည်ကတော့ ဦးမြင့်ဆန်းထွန်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား...**

ပါတီအနေဖြင့် အလေးအနက်တင်ပြလိုတာကတော့ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများအားလုံးကို မဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ပါတီမှ မဲဆန္ဒရှင်ပြည်သူများထံ ယုံကြည်စွာအပ်နှံလိုက်ပါကြောင်း တင်ပြအပ်ပါတယ်။

**မြန်မာပြည်သူများခင်ဗျား...**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီသည် ပါတီသစ်တစ်ရပ်ဖြစ်တဲ့အတွက်ပါတီ၏ ထူးခြားသောပုံရိပ်များကို ပြည်သူများသိရှိသတိမူမိစေရန် တင်ပြအပ်ပါတယ်။

(၁) ပြည်သူကိုအခြေခံဖွဲ့စည်းထားသော ပါတီဖြစ်ခြင်း

(၂) ပုဂ္ဂိုလ်အခြေပြုပါတီမဟုတ်ဘဲ၊ ဥပဒေစည်းမျဉ်းအခြေခံထားသော အဖွဲ့အစည်းအခြေပြု ပါတီဖြစ်ခြင်း

(၃) ပြည်သူများလိုလားနှစ်သက်သည့် အစွဲကင်းသည့်ပါတီဖြစ်ခြင်း

(၄) လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစသည့် အစွဲကင်းသည့် ပါတီဖြစ်ခြင်း

(၅) လူမျိုးကြီးဝါဒ၊ ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒများ၊ ခွဲခြားဆက်ဆံမှုဝါဒများကင်းသည့် ပါတီဖြစ်ကြောင်း

(၆) ပြည်ပအဖွဲ့အစည်း/လူပုဂ္ဂိုလ်များ၏ ငွေကြေးအထောက်အပံ့ကင်းသော ငွေကြေးအရှုပ်အရှင်းကင်းသည့် ပါတီဖြစ်ခြင်း

(၇) ပြည်ပသြဇာခံသည့် ပါတီမဟုတ်ဘဲ နှောင်ကြိုးမဲ့ လွတ်လပ်အမှီခိုကင်းသော ပါတီဖြစ်ခြင်း

(၈) အမိန့်ပေးနိုင်ငံရေးစနစ်အပါအဝင် အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ပါတီဖြစ်ခြင်း

(၉) အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒများကို ဆန့်ကျင်သည့် ပါတီဖြစ်ခြင်း

(၁၀) မည်သည့်ပါတီအဖွဲ့အစည်းနှင့်မှ မဟာမိတ်ဖွဲ့ထားခြင်း၊ တပ်ပေါင်းစုဖွဲ့ထားခြင်းမရှိဘဲ နိုင်ငံရေးလိပ်ပြာသန့်သန့်ဖြင့် ဥပဒေဘောင်အတွင်း ဆောင်ရွက်မည့် ပါတီဖြစ်ခြင်း

(၁၁) ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် မည်သည့်ပါတီနှင့် မဆို ဆရာမလုပ်၊ တပည့်မခံ၊ ခွဲခြားဆက်ဆံမှုမရှိဘဲ၊ တန်းတူပူးပေါင်းလက်တွဲဆောင်ရွက်သွားမည့် ပါတီဖြစ်ခြင်း

(၁၂) ပြည်သူသည် အဓိက၊ ပါတီသည် သာမည‌ဟု ခံယူကျင့်သုံးနေသည့် ပါတီဖြစ်ခြင်း

(၁၃) ပြည်သူများ မျှော်လင့်စောင့်စားနေသည့် ပြည်သူ့ဘက်က ပြည်သူနှင့် တစ်သားတည်းရပ်တည်သွားမည့် ပါတီဖြစ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

**မြန်မာပြည်သူများခင်ဗျား...**

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) ၏ ပါတီအမှတ်တံဆိပ်မှာ ဖော်ပြထားသော အဝါရောင်အောက်ခံအပေါ်မှာ ရွှေရောင်ငြိမ်းချမ်းရေး သံလွင်ခက်များခြံရံလျက် ရွှေရောင်ပြည်ထောင်စု မြန်မာနိုင်ငံမြေပုံဟာ နိုင်ငံတော်နဲ့ နိုင်ငံသားမြန်မာပြည်သူများကို ကိုယ်စားပြုနေတာဖြစ်ပြီး ကမ္ဘာတည်သရွေ့ နိုင်ငံတော်နဲ့ နိုင်ငံသားများ အစဉ်ထာဝရ ထွန်းလင်းတောက်ပထည်ဝါစွာ ရပ်တည်နေမယ်ဆိုတာ ကြယ်ဖြူကြီးတစ်လုံးက သက်သေထူနေပါတယ်။

**မြန်မာပြည်သူများ ခင်ဗျား...**

ပါတီ MPD ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ကျေးဇူးသစ္စာကိုဘယ်တော့မှ သစ္စာမဖောက်ဟု ကတိသစ္စာပြုရင်း တင်ပြမှုကို နိဂုံးချုပ်လိုက်ပါတယ်။

မြန်မာပြည်သူများအားလုံး

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ ဘေးဘယာဝေးကွာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။ ကျေးဇူးတင်ပါတယ်။ ။

# ပထမဆုံးကမ်ပိုနည်းပြ မွမ်းမံသင်တန်းဆင်း



ကမ်ပိုနည်းပြမွမ်းမံသင်တန်းဆင်းပွဲ၌ သင်တန်းသားများ သရုပ်ပြလေ့ကျင့်နေကြစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၂**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ရန်ကုန်တွင် ပထမဆုံးဖွင့်လှစ်သည့် ဂျပန်နိုင်ငံ၏ ရှိုရင်ဂျိကမ်ပို နည်းပြမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၈) ကို ရန်ကုန်မြို့ အားကစားနှင့် ကာယပညာသိပ္ပံဝင်း ကမ်ပိုလေ့ကျင့်ရေးရုံ၌ စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၉ ရက်ထိ ၁၀ ရက်ဖွင့်လှစ်ရာ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ် (WSKO) ဂျပန်နိုင်ငံမှ တာဝန်ပေးအပ်သူ နည်းပြချုပ် မစ္စတာ မိုရီနာနှင့် ကမ္ဘာ့အဆင့်ရှိ နည်းပြချုပ် လေးဦးတို့က အခမဲ့ သင်ကြားပို့ချပေးခဲ့သည်။

မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်က "ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်က အသိအမှတ်ပြုခဲ့တဲ့အတွက် ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပတဲ့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတုန်းက ကမ်ပိုအားကစားနည်းကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ ရွှေတံဆိပ်ဆုလည်း ရခဲ့ပါတယ်။ ဒီကစားနည်းက အခြားကစားနည်းနဲ့ မတူဘူး။ အဆင့် ခုနစ်ဆင့်လောက်ရှိတယ်။ ပထမအဆင့်မှာ သင်ခန်းစာ ၁၆၀ ရှိတယ်။ ဒုတိယအဆင့်မှာ သင်ခန်းစာက ၃၀၀ ကျော်ရှိတယ်။ စာတွေ့လက်တွေ့သင်ကြားရပါတယ်" ဟု ပြောသည်။

ဆက်လက်၍ "အခုလို မွမ်းမံသင်တန်းပေးတာရတာက နည်းပြတစ်ယောက်လုပ်တော့မယ်ဆိုရင် ရှိုရင်ဂျိကမ်ပို (WDKO) ဂျပန်နိုင်ငံ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်က ဒုတိယအဆင့် နည်းစနစ်ကို အောင်မြင်ထားရမှာ ဖြစ်တယ်။ ဒါကြောင့် ကမ္ဘာ့အဆင့်ရှိ နည်းပြချုပ် လေးဦးက အခမဲ့လာရောက်သင်ကြားပေးတာဖြစ်လို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ပထမအဆင့်အောင်မြင်ပြီးသူ ခြောက်ဦး၊ ဒုတိယအဆင့်အောင်မြင်သူ ၁၁ ဦး စုစုပေါင်း ၁၇ ဦး စာတွေ့လက်တွေ့သင်ကြားခွင့်ရရှိတာဖြစ်တယ်။ ဒီသင်တန်းက ဆင်းသွားတဲ့ အားကစားသမားတွေဟာ ကိုယ့်မြို့ပြန်ရောက်တဲ့အခါ ရှိုရင်ဂျိကမ်ပိုအဖွဲ့အားကစားသမားတွေကို အဆင့်မြင့်လေ့ကျင့်မှုတွေ ပြန်လည်သင်ကြားပေးဖို့ မှာကြားလိုက်ပါတယ်။ ဒီသင်တန်းက ထူးချွန်သူနှစ်ယောက်ကို ဂျပန်နိုင်ငံ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ် (WSKO) မှာ အဆင့်မြင့်သင်ကြားနိုင်ခွင့် မကြာမီစေလွှတ်ဖို့ ရည်ရွယ်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**
**ဓာတ်ပုံ- မျိုးကြီး**

# မြန်မာတက္ကသိုလ်ဘောလုံးအသင်းကို ဟံသာဝတီနည်းစနစ်ဒါရိုက်တာ ဆီဗာဂျီ ကူညီပြသပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာတက္ကသိုလ်ဘောလုံးအသင်းကို မြန်မာနေရှင်နယ်လိဂ်ကလပ် ဟံသာဝတီအသင်း နည်းစနစ်ဒါရိုက်တာ ဆီဗာဂျီက ကူညီပြသပေးမည် ဖြစ်သည်။

ဆီဗာဂျီသည် ပြိုင်ပွဲအပြီးထိ မြန်မာတက္ကသိုလ်ဘောလုံးအသင်းအား နည်းစနစ်ဒါရိုက်တာအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး နည်းပြချုပ် ဦးဇော်မင်းနှင့်အတူ အသင်းကို ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာတက္ကသိုလ်ဘောလုံးအသင်းကို ၂၀၁၈ ရာသီ ပထမတန်းအမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းအား အခြေခံဖွဲ့စည်းထားပြီး လက်ရှိတွင် ကစားသမား ၂၅ ဦး ရွေးချယ်ထားကာ ကစားသမားသစ်များ ထပ်မံအားဖြည့်မည်ဖြစ်သည်။ ဆီဗာဂျီသည် လက်ရှိ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများမှ တက္ကသိုလ်ကျောင်းတက်နေသည့် ကစားသမားအချို့ကို ရွေးချယ်အားဖြည့်မည်ဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်နေခြင်း ဖြစ်သည်။ တက္ကသိုလ်အသင်းသည် ရွေးချယ်ထားသည့် ကစားသမားများကို ယခုရက်ပိုင်းအတွင်း ခြေစမ်းပွဲများကစားကာ ကစားသမားများ၏ ခြေစွမ်းကို စမ်းသပ်မည်ဖြစ်သည်။ ဆီဗာဂျီသည် ကစားသမားများ၏ ခြေစွမ်းအပေါ် မူတည်၍ အပြောင်းအလဲပြုလုပ်မည် ဖြစ်သည်။

အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာနှင့် ထိုင်း ယူ-၁၉ အမျိုးသမီးအသင်း ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီး ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းသည် ရန်ကုန်မြို့၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲ ပထမအဆင့်မတိုင်မီ ပြည်ပ ခြေစမ်းခရီးစဉ်သွားရောက်ရန် စီစဉ်ခဲ့သော်လည်း ထိုင်းဘောလုံးအဖွဲ့ချုပ်နှင့် ညှိနှိုင်းကာ ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားရန် သဘောတူညီမှုရခဲ့ခြင်း ဖြစ်သည်။ ယင်းခြေစမ်းပွဲများကို အောက်တိုဘာ ၅ ရက်နှင့် ၇ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည် ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် အာရှ ခြေစစ်ပွဲမတိုင်မီ အာဆီယံထိပ်သီး ထိုင်းအမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲ ကစားခွင့်ရခြင်းကြောင့် အတွေ့အကြုံကောင်းများ ရယူနိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး အာရှခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းမှ ကစားသမားအချို့ကို အားဖြည့်ရွေးချယ်မည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဇွန်လကတည်းက လေ့ကျင့်မှုပြုလုပ်ထားသော်လည်း နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲသာ ကစားရသေးပြီး စက်တင်ဘာ ၆ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမဆုံး ခြေစမ်းပွဲတွင် စင်ကာပူ ယူ-၁၉ အမျိုးသမီးအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားသည်။

မြန်မာအသင်း ယှဉ်ပြိုင်မည့် အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စု (စ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည် ဖြစ်သည်။ မြန်မာအသင်းသည် ယင်းအုပ်စုတွင် အီရန်၊ ပါလက်စတိုင်း၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**ညီမြတ်သော်တာ**

# ဇွဲကပင်အသင်း သမိုင်းတစ်လျှောက် MNL ပြိုင်ပွဲ တတိယနေရာ ပထမဆုံးရရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၂) ပထမနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဇွဲကပင်အသင်းက GFA အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး တတိယဆုရခဲ့သည်။

ဇွဲကပင်အသင်းသည် နောက်ဆုံးပွဲတွင် GFA အသင်းကို အနိုင်ကစားကာ တတိယဆုရခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် အမြင့်ဆုံးအဆင့် ရပ်တည်မှုရခဲ့သည်။ GFA အသင်းမှာမူ ဇွဲကပင်အသင်းကို အရေးနိမ့်ခဲ့သောကြောင့် ပထမတန်းသို့ တန်းပြန်ဆင်းခဲ့ရပြီး စစ်ကိုင်းအသင်းမှာမူ ရတနာပုံနှင့် ကစားရန် ကျန်သေးသော်လည်း တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့သည်။

ဇွဲကပင်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့ပြီး GFA အသင်းမှာလည်း မကွေးကို အနိုင်ရခဲ့သည့်ပွဲမှ ကစားသမားအများစုကို ဆက်လက်အသုံးပြုခဲ့သည်။ ပွဲအစတွင် နှစ်သင်းစလုံး ပုံစံကောင်းပြသနိုင်ခြင်းမရှိ၍ ပွဲအေးတစ်ပွဲဖြစ်ခဲ့ပြီး ပထမပိုင်းပြီးခါနီးမှ သွင်းဂိုးများဖြင့် ပွဲမှာ အသက်ဝင်လာခြင်း ဖြစ်သည်။ ၃၇ မိနစ်တွင် ဇွဲကပင်အသင်း ဂိုးစရခဲ့ပြီး တိုက်စစ်မှူး သန်းထက်အောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂိုးရပြီးနောက်ပိုင်းတွင် ဇွဲကပင်အသင်း ကစားပုံပိုကောင်းလာပြီး ပထမပိုင်းပြီးခါနီးတွင် ကွင်းလယ်ကစားသမား ဆာကီက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒုတိယဂိုး သွင်းယူခဲ့သည်။ GFA အသင်းသည် ပထမပိုင်းတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိသောကြောင့် ဒုတိယပိုင်းအစတွင် နိုင်ငံခြားသားတိုက်စစ်မှူး ဂျော်ဒန်ကို လဲလှယ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ဒုတိယပိုင်းအစတွင် GFA အသင်း တောက်လျှောက်ဖိကစားနိုင်ခဲ့ပြီး ၅၇ မိနစ်တွင် သန်းထိုက်အောင်က ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ဇွဲကပင်အသင်းက တတိယဂိုး ထပ်ရခဲ့သောကြောင့် ပွဲကို ထိန်းချုပ်နိုင်ခဲ့ကာ အနိုင်ရလဒ်ကို ထိန်းကစားသွားခြင်းဖြစ်သည်။ ဇွဲကပင်အသင်းအတွက် တတိယဂိုးကို တိုက်စစ်မှူး သန်းထက်အောင်က မိနစ် ၇၀ တွင် ပယ်နယ်တီဧရိယာစည်းထိပ်မှ သွင်းယူခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၃ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Southern အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီ အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ရောဝတီအသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ- ဖိုးသော်ဇင်**



# မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အားကစားအဖွဲ့ချုပ် ဖွဲ့စည်း

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့စားပွဲတင်တင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံး ရွေးချယ်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်က အဖွင့်အမှာစကားပြောကြား၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို မဲနှိုက်ရွေးချယ်ရာတွင် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်၊ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်မာလာဝင်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးစိုးနိုင်၊ ဒုတိယဥက္ကဋ္ဌ (၃) ဦးဇော်မြင့်၊ အတွင်းရေးမှူး ဦးအောင်ခိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးထွန်းဝင်းနှင့်အတူ အလုပ်အမှုဆောင် စုစုပေါင်း ၂၇ ဦးတို့ကို စက်တင်ဘာ ၂၀ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

**အေးကေလင်း**

# မန်စီးတီးနှင့် လီဗာပူးတို့ ဂိုးပြတ်နိုင်သည့် ပရီမီယာလိဂ် ပွဲစဉ် (၆)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၆) ကို စက်တင်ဘာ ၂၂ ရက် ညတွင် ယှဉ်ပြိုင်ခဲ့ပြီး ကာဒစ်ဖ်နှင့် မန်စီးတီးပွဲတွင် မန်စီးတီးက ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ လီဗာပူးနှင့် ဆောက်သမ်တန်ပွဲတွင် အိမ်ရှင်လီဗာပူးက သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ကာဒစ်ဖ်နှင့် မန်စီးတီးပွဲတွင် အိမ်ရှင်ကာဒစ်ဖ်အသင်းသည် ၄-၄-၁-၁ ဖြင့် ပွဲထွက်ခဲ့ပြီး မန်စီးတီးက ၄-၃-၃ ဖြင့် ပုံမှန်ကစားကွက်အတိုင်း ပွဲထွက်လာသည်။ ပထမပိုင်းတွင် မန်စီးတီးအတွက် သွင်းဂိုးများကို ပွဲချိန် ၃၂ မိနစ်တွင် အဂူရိုက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၃၅ မိနစ်တွင် ဘာနာဒိုဆေးလ်ဗားနှင့် ၄၄ မိနစ်တွင် ဂမ်ဒိုဂန်တို့က သွင်းယူခဲ့ကာ ပထမပိုင်းအပြီး မန်စီးတီးက သုံးဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၆၇ မိနစ်နှင့် ၈၉ မိနစ်တွင် မန်စီးတီးအတွက် မာရက်ဇ်က သွင်းယူပေးခဲ့ကာ ပွဲအပြီး မန်စီးတီးတို့ ငါးဂိုးပြတ်ဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**လီဗာပူးနှင့် ဆောက်သမ်တန်**

လီဗာပူးနှင့် ဆောက်သမ်တန်ပွဲတွင် အိမ်ရှင်လီဗာပူးက ၄-၂-၃-၁ ဖြင့် လည်းကောင်း၊ ဧည့်သည်ဆောက်သမ်တန်အသင်းက ၃-၅-၁-၁ ပုံစံဖြင့် နှစ်သင်းစလုံး အထောင်ကစားသမားဖြင့် ပွဲထွက်လာသည်။ ပွဲချိန် ၁၀ မိနစ်တွင် ဆောက်သမ်တန်နောက်တန်းကစားသမား ဝက်စ်လေဟော့ဒ် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် လီဗာပူးတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၂၁ မိနစ်တွင် နောက်တန်းကစားသမား မာတစ်က လီဗာပူးအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၄၅ မိနစ်တွင် မိုဟာမတ်ဆာလက်က တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ ပထမပိုင်း ရလဒ် သုံးဂိုးပြတ်ဖြင့် လီဗာပူးတို့ အနိုင်ရရှိခဲ့သည်။

**အခြားပွဲစဉ်ရလဒ်**

ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များမှာ ဖူလ်ဟမ်နှင့် ဝက်ဖို့ဒ်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဘန်လေက ဘုန်းမောက်ကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ လက်စတာက ဟက်ဒါဖီးလ်ကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပဲလေ့စ်နှင့် နယူးကာဆယ်မှာ ဂိုးမရှိသရေကျခဲ့ပြီး မန်ယူနှင့် ဝုလ်ဗာဟမ်တန်ပွဲတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

**သီဟ**

## မြန်မာ့ရုပ်မြင်သံကြား

၂၃- ၉- ၂၀၁၈(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၁၅ - ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၇၆)
၈း၄၅ - တရုတ်ကာတွန်း "တောပျော်မျောက်ကလေး ကျွမ်ကျွမ်"(အပိုင်း- ၇)
၁၀း၀၀ - Sunday Talk
၁၁း၀၅ - ကဗျာရိပ်မြုံ "ကြောင်ငမိုက်"
၁၁း၂၀ - ကျန်းမာရေးမဂ္ဂဇင်း "အသည်းအဆီဖုံးရောဂါအကြောင်း သိကောင်းစရာ"
၁၂း၃၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "အားနွဲ့သူပါရှင်" (ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်း) (ဒါရိုက်တာ- ခင်စိုး)

**ညပိုင်း**

၁၅း၁၅ - **MPT Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် Yangon United FC Vs Southern Myanmar FC**
၁၇း၃၀ - This Week's Special Interest
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း- ၂၅)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ"**
- In & Out "China ခရီးစဉ်" (အပိုင်း- ၄) (လေးဖြူနှင့်အဖွဲ့)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း- ၂၃)
- ပြည်သူ့နီတိ "အနီးမှုန်" တိမ်ညွန့်၊ ဦးဇော်ထွေး၊ ဝှမ်းပုံကြီး (ဒါရိုက်တာ- မိုးဇော်ကို)

# မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

နမ့်ပေါင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် ညပိုင်းက လားရှိုးမြို့နယ် နမ္မဘောဒကျေးရွာရှိ နမ္မဘောဒ တံတားတွင် လားရှိုးမြို့မှ မိုင်းရယ်မြို့သို့ မောင်းနှင်လာသည့် FUSO အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်ကို ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားပြီး မော်တော်ယာဉ်၏ နောက်ပိုင်းတွင် ပလတ်စတစ်ပုံး ၁၄၀ ဖြင့် ထည့်လျက် Anthranilic Acid လီတာ ၂၈၀၀၊ သံပီပါ ၂၃ လုံးဖြင့် ထည့်လျက် Toluene လီတာ ၄၆၀၀၊ သံပီပါနှစ်လုံးဖြင့် ထည့်လျက် 1-Phenyl - 2- Propanone လီတာ ၄၀၀ ၊ သံပီပါ ငါးလုံးဖြင့် ထည့်လျက် N-cetylanthranic Acid လီတာ ၁၀၀၀၊ လေအိုး အလုံး ၂၀ နှင့် မြေဆီအိတ် ၆၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဘားအံ-သထုံကားလမ်းတွင် ပြင်သစ်နိုင်ငံသားလိုက်ပါလာသည့် ယာဉ်တစ်စီး လမ်းဘေးသစ်ပင်ဝင်တိုက်၍ နှစ်ဦးဒဏ်ရာရ

**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်းတွင် စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းက မတ်တူးယာဉ်တစ်စီး လမ်းဘေးသစ်ပင် ဝင်တိုက်မိသဖြင့် လိုက်ပါလာသည့် ပြင်သစ်နိုင်ငံသားနှင့် စကားပြန်အမျိုးသမီးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရပ်သို့ သတင်းအရ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ် ဇော်လင်းဦးစီးသည့်အဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ ရန်ကုန်ဘက်မှ ဘားအံဘက်သို့ ယာဉ်မောင်း သက်ဝေငြိမ်းချမ်း(၂၄ နှစ်) ၃၀ ရပ်ကွက် မြောက်ဒဂုံ ရန်ကုန်မြို့နေသူ မောင်းနှင်လာသော 2E/ ----- မတ်တူးယာဉ်သည် မိုင်တိုင်အမှတ် ၁၅/၆ နှင့် ၁၆/၀ အကြား ဘားအံမြို့နယ် ကော့ရင်းအထက်ကျေးရွာအနီး၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျပြီး သစ်ပင်အား ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ပြင်သစ်နိုင်ငံသား Mr GOUE (၅၅ နှစ်)(ပတ်စ်ပို့အမှတ် 17FV27809)နှင့် စကားပြန် မယွန်းမှုံဖူး(၂၂ နှစ်)ကျောက်မြောင်းရပ်ကွက် တာမွေမြို့နယ်နေသူတို့တွင် ဒဏ်ရာများရရှိခဲ့၍ ဘားအံဆေးရုံကြီးသို့ တင်ပို့ထားရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ သက်ဝေငြိမ်းချမ်း အား မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်းက ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူရန် ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

# လှိုင်သာယာ၌ လက်နက်ကိုင်ဆောင်၍ မူးယစ်ဆေးရောင်းချသူတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၁၄)ရပ်ကွက် မလိခလမ်းရှိ နေအိမ်တစ်အိမ်၌ မူးယစ်ဆေးဝါးသတင်းအရ ယနေ့ မွန်းလွဲ ၃ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မူးယစ်အထူးအဖွဲ့နှင့် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းသည့်အဖွဲ့က ဝင်ရောက်ဖမ်းဆီးရာ ဟန်ကြည်ထွန်း(ခ)ဟန်ကြီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၂၆ ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးရောင်းချရသည့် ငွေစက္ကူရောရာ ငွေကျပ် ၂၂၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်ရှာဖွေရာ ခေါင်းစွပ်အဆင့်ဆဲလ်ဖုန်း... ဓားဦးချွန်သုံးချောင်းနှင့် ဖုန်းနှစ်လုံးတို့အား တွေ့ရှိရသဖြင့် ဟန်ကြည်ထွန်း(ခ)ဟန်ကြီးအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# မူးယစ်ဆေးသယ်ဆောင်လာသူအား ကျိုက်ထိုရဲတပ်ဖွဲ့မှ ဖမ်းဆီး

**ကျိုက်ထို စက်တင်ဘာ ၂၂**

ကျိုက်ထိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မျိုးလွင်၊ ဒုရဲအုပ် ယဉ်ယဉ်လှိုင်နှင့်တပ်ဖွဲ့ဝင်များသည် ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက် ကားလမ်းမ၌ စောင့်ဆိုင်းနေစဉ် ဘီးလင်းဘက်မှ ကျိုက်ထိုဘက်သို့ မောင်းနှင်လာသည့် အောင်စစ်သည် မှန်လုံယာဉ်ပေါ်မှ ဆင်းလာသည့် မနန်းမိမိမော်(ခ)မော်မော်(ခ)ကရင်မ (၃၄ နှစ်) ကျွန်းတော(၂)လမ်း အမှတ်(၅)ရပ်ကွက် မြဝတီမြို့နေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၂ ပြား အလေးချိန် ၇၀ ဒသမ ၂ ဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၀၀၀၀ ခန့်နှင့် လက်ကိုင်ဖုန်းတစ်လုံး သိမ်းဆည်းရမိခဲ့သည်။ **(ဓါတ်ပုံ)**

၎င်းအား မြို့မရဲစခန်းသို့ခေါ်ယူ၍ မေးမြန်းစစ်ဆေးရာ မူးယစ်ဆေးဝါးများအား မြဝတီမြို့ရေလယ်ကျွန်းနေ အသက်(၄၀ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးထံမှ တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူ၍ ကျိုက်ထိုမြို့တွင် ပြန်လည်ရောင်းချရန်ဖြစ်ကြောင်းပြောကြား၍ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ မနန်းမိမိမော်အား ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိတောက်ခွဲသားများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၆ စီး၊ သွင်းကုန် ၅၀၀ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးကျပ် ၆၂ ဒသမ ၈၆၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၈၆၀ သန်းခန့်)စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀ ဒသမ ၇၂၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် FUSO(12W) ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်ခွဲသား ၄ ဒသမ ၂၈၇၄ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂ ဒသမ ၈၆၂ သန်းခန့် စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နယ်စပ်ဂိတ်၌ တရားမဝင်ဆေးဝါးမျိုးစုံ ဖမ်းဆီးရမိ

**ရိခေါဒါရ် စက်တင်ဘာ ၂၂**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်၌ နယ်မြေလုံခြုံရေးပူးပေါင်းအဖွဲ့မှ စက်တင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီက အိန္ဒိယနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာသူတစ်ဦးအား စစ်ဆေးခဲ့ရာ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် ဆေးဝါးမျိုးစုံ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်တံတားတွင် နယ်စပ်ကုန်သွယ်ရေးဂိတ်တာဝန်ကျ လုံခြုံရေးပူးပေါင်းအဖွဲ့သည် အိန္ဒိယနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာသော ဒေးဗစ်ထန်း (၃၀ နှစ်) ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာနေသူ သယ်ဆောင်လာသော ပီနံအိတ်အား စစ်ဆေးရှာဖွေရာ Cyprimed စာတန်းပါ အိန္ဒိယနိုင်ငံထုတ် အားဆေးဘူး ၁၅ ဘူး၊ Pydina- s စာတန်းပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် အစာအိမ် အားတိုးဆေး ၁၂ ဘူး စီပါ သုံးဖာ၊ Pudina-s စာတန်းပါ အစာအိမ်အားတိုးဆေး ၁၁ ဘူးပါ တစ်ဖာ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၈၀၅၀ အား တရားမဝင်သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရ၍ ရဲအုပ် သန်းဇော်က သိမ်းဆည်းခဲ့သည်။

အဆိုပါ အိန္ဒိယနိုင်ငံထုတ် ဆေးဝါးမျိုးစုံအား တရားမဝင်သယ်ဆောင်လာသူ ဦးဒေးဗစ်ထန်းအား ရိခေါဒါရ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ကျွန်းခွဲသားများ တင်ဆောင်လာသောယာဉ်တစ်စီး ဖမ်းဆီးရမိ

**လှည်းကူး စက်တင်ဘာ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ စက်တင်ဘာ ၂၁ ရက် နံနက် ၆ နာရီက ကျွန်းခွဲသားများ တင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့နှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သော အဖွဲ့သည် ယမန်နေ့ နံနက် ၆ နာရီက ယာဉ်အမှတ် 1P/--- ဟိုင်းအေ့စ်ယာဉ်အား မိုင်တိုင်အမှတ် ၀/၇ ရှိ တိုးဂိတ်အရောက် စစ်ဆေးရန် တားဆီးရာ ရပ်တန့်ခြင်းမရှိဘဲ ကုန်တင်ယာဉ်များဖြတ်သန်းသည့် ကတ္တားခုံပေါ်မှ တစ်ဆင့် မောင်းနှင်သွားသဖြင့် သံဆူးပြားပစ်၍ ဖမ်းဆီးခဲ့သည်။

အဆိုပါယာဉ်သည် ဘယ်ဘက်နောက်ဘီးပေါက်ကာ ဆက်လက်မောင်းနှင်ထွက်ပြေးသွားရာ မိုင်တိုင်အမှတ် ၀/၁ နှင့် ၀/၂ အကြားအရောက် ရပ်တန့်ကာ ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းခွဲသား တစ်တန်ကျော်ခန့် သိမ်းဆည်းရမိခဲ့သဖြင့် အမှတ်(၃) လမ်းဆုံ အမြန်လမ်းရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# ဆောမြို့နယ်၌ တစ်နှစ်သားအရွယ် ကလေးတစ်ဦး ရေမြောင်းအတွင်း ပြုတ်ကျသေဆုံး

**ဆော စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်စစ်ကျေးရွာ၌ စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက နေအိမ်အနီး လယ်ရေမြောင်းထဲသို့ တစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦး ပြုတ်ကျသေဆုံးခဲ့ကြောင်း ဆောမြို့မရဲစခန်းမှ သိရသည်။

သေဆုံးသူမှာ မနှင်းသက်ဝေ တစ်နှစ်လေးလအရွယ် ကျောက်စစ်ကျေးရွာ ဆောမြို့နယ်နေသူဖြစ်ပြီး မိခင်ဖြစ်သူ ဒေါ်သူဇာခိုင်သည် ညနေ ၅ နာရီက နေအိမ်၌ ထမင်းချက်နေခဲ့ရာမှ နေအိမ်အောက်တွင် ဆော့ကစားနေသော မနှင်းသက်ဝေအား မတွေ့သဖြင့် လိုက်လံရှာဖွေခဲ့ရာ နေအိမ်နှင့် ပေ ၃၀၀ ခန့်အကွာ လယ်ရေမြောင်းအတွင်း ရေနစ်သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့သဖြင့် ဆောမြို့မရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ကျော်ဇေယျ**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ဗစ်တိုးရီးယားကန်၌ ကူးတို့ရေယာဉ်မှောက်မှုတွင် သေဆုံးသူ ၂၀၉ ဦးအထိ ရှိလာ

တန်ဇန်းနီးယား စက်တင်ဘာ ၂၂

**တန်ဇန်းနီးယားနိုင်ငံသမ္မတ ဂျွန်မာဂူဖူလီက ဗစ်တိုးရီးယားရေကန်တွင် ကူးတို့ရေယာဉ် တိမ်းမှောက်မှုကြောင့် သေဆုံးသူဦးရေ ၂၀၉ ဦးအထိ မြင့်တက်လာသောကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲမှု အထိမ်းအမှတ်အဖြစ် လေးရက်တာ သတ်မှတ်လိုက်ကြောင်း စက်တင်ဘာ ၂၂ ရက်က နိုင်ငံတကာ သတင်းများတွင် ဖော်ပြထားသည်။**



ကူးတို့ရေယာဉ် နစ်မြုပ်မှုသည် စက်တင်ဘာ ၂၀ ရက်အထိ သေဆုံးသူ ၁၃၆ ဦးအထိသာ အတည်ပြုနိုင်ခဲ့သော်လည်း စက်တင်ဘာ ၂၂ ရက်နောက်ဆုံး သတင်းများအရ သေဆုံးသူဦးရေမှာ ၂၀၉ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ကူးတို့ရေယာဉ် တိမ်းမှောက်မှုနှင့် ပတ်သက်ပြီး ရေယာဉ်မှူးနှင့် ဆက်စပ်သံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရသည်။

MV Nyerere ကူးတို့ရေယာဉ်သည် ခရီးသည် ၄၀၀ ခန့်အထိ သယ်ဆောင်ခဲ့ကြောင်းနှင့် ယင်းပမာဏသည် ကူးတို့ရေယာဉ်၏ ခံနိုင်ဝန်အားထက် လေးဆပိုများနေကြောင်း၊ ထို့ကြောင့် အဆိုပါကူးတို့ရေယာဉ်သည် ဗစ်တိုးရီးယားကန်ရှိ ဥကရာကျွန်းဆိပ်ကမ်းသို့ရောက်ခါနီးတွင် တိမ်းမှောက်နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းများတွင် ဖော်ပြထားသည်။

တန်ဇန်းနီးယားပို့ဆောင်ရေးဝန်ကြီးက ယခုလိုသေဆုံးသူများမြင့်တက်လာရသည့်သတင်းမျိုးကို ထုတ်ပြန်ဖော်ပြရသည့်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားခဲ့သည်။

ရှာဖွေကယ်ဆယ်မှုများကို ဆက်လက်လုပ်ဆောင်နေကြောင်းနှင့် အသက်ရှင်ကျန်ရစ်သူ ၄၀ ခန့်အထိရှိနိုင်သေးကြောင်း မာဝန်ဂါ မြို့တော်ဝန်ဖြစ်သူ ဂျွန်မွန်ဂယ်လာက ပြောခဲ့သည်။ သို့သော်လည်း မသေချာလှသေးကြောင်း ပြောခဲ့သည်။

လတ်တလောတွင် သေဆုံးသူဦးရေသည် ၂၀၉ ဦးတွင် ရပ်တန့်နေကြောင်း အစိုးရအဖွဲ့ အကြီးတန်းပြောရေးဆိုခွင့်ရှိသူ ဟက်ဆန်အဲဘတ်စ်၏ ပြောကြားချက်ကို ကိုးကားကာ နိုင်ငံပိုင်ရုပ်သံလိုင်းတစ်ခုဖြစ်သည့် တန်ဇန်းနီးယားရုပ်သံလွှင့်ဌာနက ဖော်ပြခဲ့သည်။

နောက်ထပ် သေဆုံးသူဦးရေမှာ မြင့်တက်လာနိုင်သေးကြောင်း သိရသည်။

အဆိုပါ ကူးတို့ရေယာဉ်သည် စက်တင်ဘာ ၂၀ ရက် ဒေသစံတော်ချိန် နေ့လယ် ၁ နာရီတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိမ်းမှောက်ချိန်တွင် နိုင်ငံပိုင်ကူးတို့ရေယာဉ်သည် ဝန်ပိုတင်ဆောင်ခြင်းနှင့် ရေယာဉ်မှူးမှ တာဝန်ပေးအပ်ထားခြင်း မဟုတ်သူက မောင်းနှင်ခြင်းကြောင့်ဖြစ်ကြောင်း ကနဦး စုံစမ်းစစ်ဆေးမှုများအရ သိရသည်။

ကူးတို့ရေယာဉ်သည် လူ ၁၀၀ ခန့်သာ တင်ဆောင်နိုင်သော်လည်း ၄၀၀ ခန့်ထိ တင်ဆောင်လာကြောင်း သိရသည်။

ယင်းဒေသ၌ပင် ၁၉၉၆ ခုနှစ်က အလားတူ ကူးတို့ရေယာဉ်တစ်စင်းသည် ဗစ်တိုးရီးယားရေကန်အတွင်း တိမ်းမှောက်ခဲ့ရာ ၅၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

# လက်ရှိ အမေရိကန်သမ္မတကိုဖယ်ရှားရန် ဒုတိယရှေ့နေချုပ် အကြံပြုခဲ့သည်ဟု အမေရိကန်သတင်းစာတွင် ဖော်ပြ



**ဝါရှင်တန် စက်တင်ဘာ ၂၂**

ဒုတိယရှေ့နေချုပ်တစ်ဦးဖြစ်သူ ရော့ဒ်ရိုဆန်စတိန်းသည် (၂၅) ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းကို လက်ဝယ်ကိုင်စွဲကာ လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို ဖယ်ရှားရန် အကြံပြုခဲ့ကြောင်း အမေရိကန်သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့သည်။

ရိုဆန်စတိန်းသည် အခြားတရားရေးရာဌာနများနှင့် အက်ဖ်ဘီအိုင်အရာရှိများကို ၂၀၁၇ နွေဦးရာသီတွင် ယခုလို အကြံပြုခဲ့ခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ် သတင်းစာ၏ အွန်လိုင်းသတင်းတွင် စက်တင်ဘာ ၂၀ ရက်က ဖော်ပြခဲ့သည်။

(၂၅) ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းတွင် ပြဋ္ဌာန်းထားသည်မှာ ဒုတိယသမ္မတနှင့် အစိုးရအဖွဲ့ဝင်အတော်များများက သမ္မတသည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာများနှင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် မသင့်ဟုဆိုကာ လွှတ်တော်ကိုအသိပေးကြေညာနိုင်ကြောင်း သိရသည်။ ယင်းသို့ ကြေညာပြီးနောက် ဒုတိယသမ္မတက လုပ်ပိုင်ခွင့်အာဏာများနှင့် တာဝန်များကို လွှဲပြောင်းရယူပြီး ယာယီသမ္မတအဖြစ် အုပ်ချုပ်နိုင်ကြောင်း သိရသည်။

အစိုးရအဖွဲ့အတွင်း ဖရိုဖရဲဖြစ်မှုများကို ဖော်ထုတ်ရန် အိမ်ဖြူတော်ရှိ သမ္မတ၏ လုပ်ဆောင်ချက်များကို မှတ်တမ်းတင်ထားရန်လည်း ရိုဆန်စတိန်းက လျှို့ဝှက်စွာ အကြံပြုထားကြောင်း အဆိုပါ သတင်းတွင် ဆက်လက် ဖော်ပြထားသည်။

၂၀၁၆ အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ရုရှားပါဝင်ပတ်သက်ခဲ့သည့်ကိစ္စကို စုံစမ်းနေသည့် အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ဂျိမ်းကိုမေကို အမေရိကန်သမ္မတထရန့်က ဖြုတ်ချလိုက်ပြီးနောက် ယခုကဲ့သို့ အကြံပေးချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုအချိန်က ရိုဆန်စတိန်းသည် ဂျိမ်းကိုမေ ဖြုတ်ချခံရခြင်းနှင့် ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြောင်း သိရသည်။

ယင်းကိစ္စများနှင့် ပတ်သက်ပြီး သည်တိုင်းမ်သတင်းစာ၏ စွပ်စွဲဖော်ပြမှုများသည် မဟုတ်မှန်ကြောင်း ရိုဆန်စတိန်းက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်းလည်း သိရသည်။

စက်တင်ဘာ ၂၀ ရက်က မစ်ဆောရီပြည်နယ်တွင် ပြုလုပ်ခဲ့သော နိုင်ငံရေးလှုပ်ရှားစည်းရုံးမှုတစ်ခုအတွင်း အမေရိကန်သမ္မတထရန့်က တရားရေးဌာနကို "တရားရေးဌာနတွင် တကယ့်လူတော်များလည်း ရှိပါတယ်။ သို့သော် တကယ့်ဆိုးရွားတဲ့သူတွေလည်း ရှိနေတယ်။ အဲဒီလိုလူမျိုးကို ဖြုတ်ထုတ်ဖို့ ဝန်မလေးဘူး" ဟု ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတောင်ပိုင်း မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှု သုံးဦးထက်မနည်း သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ တရားမဝင် မီးရှူးမီးပန်းစက်ရုံတစ်ရုံတွင် စက်တင်ဘာ ၂၂ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မီးပန်းစက်ရုံမီးလောင်မှုသည် အန်ဒရာပရာဒေ့ရှ်ပြည်နယ် ရာဂျာမာဟင်ဒရာဗာရမ်ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သက်ငယ်မိုးအိမ်တစ်အိမ်အတွင်း မီးရှူးမီးပန်းများပြုလုပ်နေစဉ် စက်တင်ဘာ ၂၂ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ထိုသို့ပေါက်ကွဲမှုကြောင့် သုံးဦးမီးလောင်သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသည့် အခြားသုံးဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း ဒေသခံရဲချုပ် ရှီမူရှီ ဘာ့ဂျ်ပါရီးက မီဒီယာသို့ ပြောကြားခဲ့သည်။ မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံရှိ မီးရှူးမီးပန်းစက်ရုံများတွင် မကြာခဏ ပေါက်ကွဲမှုများဖြစ်ပွားလေ့ရှိပြီး ယင်းစက်ရုံများသည် မီးထွန်းပွဲတော်များနှင့် မင်္ဂလာဆောင်များအတွက် မီးရှူးမီးပန်းများကို ထုတ်လုပ်ပေးနေကြောင်း သိရသည်။

စက်ရုံအသေးစားများသည် များသောအားဖြင့် တရားမဝင် လုပ်ကိုင်နေကြခြင်းဖြစ်ပြီး တချို့မှာ စက်ရုံကြီးများကတစ်ဆင့် အလုပ်အပ်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# ဘင်္ဂလားဒေ့ရှ် ကမ်းလွန်တွင် ငါးဖမ်းလှေများ တိမ်းမှောက်ပြီး ၃၅ ဦး ပျောက်ဆုံးနေ

**ဒါကာ စက်တင်ဘာ ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းအလွန်တွင် ငါးဖမ်းလှေလေးစင်းတိမ်းမှောက်ခဲ့ပြီးနောက် အနည်းဆုံး ၃၅ ဦး ပျောက်ဆုံးနေကြောင်းနှင့် လတ်တလောတွင် ဘင်္ဂလားပင်လယ်အော်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ရဲအရာရှိတစ်ဦးက စက်တင်ဘာ ၂၀ ရက်က ပြောခဲ့သည်။

မကြာသေးမီရက်အတွင်းက ငါးဖမ်းလှေများ တိမ်းမှောက်ခဲ့ရာ အနည်းဆုံးငါးဖမ်းသမား ၃၅ ဦး ပျောက်ဆုံးနေကြောင်း မြို့တော်ဒါကာမြို့မှ ၂၀၄ ကီလိုမီတာကွာဝေးသော တောင်ပိုင်း ပါတွတ်ခါလီခရိုင် ကွတ်ကတားမြို့ရှိ ရဲစခန်းတစ်ခုမှ အကြီးတန်းရဲအရာရှိ ခါလီလာရာမန်က ပြောကြားခဲ့သည်။

လေပြင်းများ တိုက်ခတ်မှုကြောင့် မကြာသေးမီရက်အနည်းငယ်က ကွတ်ကတားကမ်းရိုးတန်းတစ်လျှောက်ရှိ ငါးဖမ်းလှေများ တိမ်းမှောက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တိမ်းမှောက်ခဲ့သည့်လှေများမှ ငါးဖမ်းသမားငါးဦးသည် ကမ်းခြေသို့ စက်တင်ဘာ ၂၀ ရက်တွင် ရောက်ရှိလာခဲ့ပြီး အဆိုပါဖြစ်စဉ်ကို အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်လှိုင်းထန်နေသောကြောင့် အနီးမှ သင်္ဘောများလည်း ၎င်းတို့ကို ကယ်ဆယ်နိုင်ခြင်းမရှိခဲ့ကြောင်း အသက်ရှင်ကျန်ရစ်သူများက ပြောခဲ့သည်။ လတ်တလောတွင် ရာသီဥတုဆိုးရွားနေသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးနေကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### နယ်သာလန်တွင် ရထားနှင့်စက်ဘီးတိုက်မှုကြောင့် ကလေးငယ် လေးဦး သေဆုံး

**အော့စ် စက်တင်ဘာ ၂၂**

နယ်သာလန်နိုင်ငံ အရှေ့တောင်ပိုင်း အော့စ်မြို့တွင် မကြာသေးမီရက်ပိုင်းက ရထားတစ်စင်းနှင့် တွဲဆိုင်းပါ လျှပ်စစ်စက်ဘီးတစ်စီးတို့ တိုက်မိခဲ့ရာ အသက်လေးနှစ်မှ ၁၁ နှစ်ကြား ကလေးငယ်လေးဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ရထားနှင့် စက်ဘီးတိုက်မိမှုသည် အော့စ်အနောက်ပိုင်း ဘူတာအနီး ရထားလမ်းကူးတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ မတော်တဆမှုတွင် ကလေးငယ်လေးဦး သေဆုံးခဲ့ပြီး အခြားကလေးငယ်တစ်ဦးနှင့် လူကြီးတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

ကလေးစောင့်ရှောက်ရေးစင်တာမှ လျှပ်စစ်စက်ဘီးသည် ကလေးငယ်အချို့အား မူလတန်းကျောင်းတစ်ကျောင်းတွင် ချပေးခဲ့ပြီးနောက် အော့စ်မြို့ရှိ နောက်ထပ် မူလတန်းကျောင်းတစ်ကျောင်းသို့ သွားနေစဉ် ထိုသို့ရထားနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ ကလေးငယ် ငါးဦးမှာ မိသားစုသုံးစုမှဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

မတော်တဆ ဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း၊ မျက်မြင်တွေ့သူတစ်ဦးက တွဲဆိုင်းပါ လျှပ်စစ်စက်ဘီးသည် ရထားလမ်းကူးသို့ ရောက်ရှိလာသည့်တိုင်အောင် မရပ်တန့်ခဲ့ကြောင်း၊ စက်ဘီးမောင်းသူသည် ဘရိတ်အုပ်၍မရသည်ကို အော်ပြောခဲ့ကြောင်း၊ နောက်ပိုင်းတွင် ရထားနှင့် တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

### တရုတ်က ရုရှားမှနောက်ဆုံးပေါ် လက်နက်ဝယ်ယူမည့်အပေါ် ကန်အရေးယူပိတ်ဆို့မှု ပြုလုပ်

**ဝါရှင်တန် စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံက နောက်ဆုံးပေါ် ဒုံးလက်နက်များနှင့် စစ်လေယာဉ်များကို ရုရှားနိုင်ငံမှ ဝယ်ယူမည့်ကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန်အစိုးရက အရေးယူပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၁ ရက်သတင်းစာရှင်းလင်းပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှန်က အဆိုပါကိစ္စအပေါ် ဒေါသအမျက်ထွက်ကြောင်းနှင့် ဝါရှင်တန်၏လုပ်ရပ်သည် ကျိုးကြောင်း ညီညွတ်မှုမရှိကြောင်း ဖော်ပြပြောဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက တရုတ်နိုင်ငံ၏ စက်ပစ္စည်းဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ၎င်း၏ ညွှန်ကြားရေးမှူး လီရှန်ဖူကို အရေးယူ ပိတ်ဆို့မှုပြုလုပ်လိုက်ကြောင်း စက်တင်ဘာ ၂၀ ရက်က ကြေညာခဲ့သည်။

လီနှင့် အခြားသူများသည် ရုရှားနိုင်ငံမှ နောက်ဆုံးပေါ် အက်စ်-၄၀၀ မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်စနစ်နှင့် ဆူခွိုင်း-၃၅ တိုက်ခိုက်ရေး ဂျက်လေယာဉ် ဝယ်ယူမှုတွင် ပါဝင်သည်ဆိုကာ ထိုသို့ အရေးယူပိတ်ဆို့လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ထရီဆာမေ အကျပ်ရိုက်နေတဲ့ ဘရီးဇစ် ခရီး

**ထွန်းသစ်စ**




ဘရီးဇစ်သဘောတူညီမှုကို အီးယူနဲ့ ပြည်တွင်းရှိ ခေါင်းမာသူတို့ကြား လက်ခံမှုရရှိအောင် လုပ်ဆောင်ရန် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကို အချိန်အတော်ကြာ ပေးထားခဲ့သော်လည်း ဆယ်ဘာ့ဂ်မှာကျင်းပခဲ့တဲ့ အီးယူစည်းဝေးပွဲမှာတော့ ထရီဆာမေတစ်ယောက် မျက်နှာပျက်စရာဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**အဆိုပြုချက်ကို ပယ်ချ**

ခဲရာခဲဆစ်ဖြစ်နေတဲ့ အိုင်းရစ်နယ်စပ်အရေးဆိုင်ရာ အဆိုပြုချက်အသစ်တွေကို ကမ်းလှမ်းဖို့ ထရီဆာမေတစ်ယောက် ကတိပြုခဲ့တာတောင်မှ အီးယူခေါင်းဆောင်တွေဟာ အနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေရဲ့ အဆိုပြုချက်ကို ပယ်ချခဲ့ပါတယ်။ အဲဒီလိုပယ်ချခံလိုက်ရပြီးတဲ့နောက်မှာတော့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေရဲ့ အိမ်ပြန်ခရီးဟာ ဘယ်လိုမှ သာယာမလှပတော့ဘဲ ဘရီးဇစ်အရေး ဖိအားသစ်တွေနဲ့ ရင်ဆိုင်နေရပါတော့တယ်။

အီးယူခေါင်းဆောင်တွေဟာ လာမယ့် နိုဝင်ဘာလလယ်လောက်မှာ ကျင်းပဖို့ အကြံပြုထားတဲ့ အထူးအစည်းအဝေးမှာ ဘရီးဇစ်သဘောတူညီမှုကို အဆုံးအဖြတ်ပေးဖို့တောင် အေးစက်စက်ဖြစ်နေတယ်လို့ သိရပါတယ်။

**ပြဿနာတွေဝိုင်းနေတဲ့ ဗြိတိန်ခေါင်းဆောင်**

ပြဿနာတွေဝိုင်းနေတဲ့ ဗြိတိန်ခေါင်းဆောင်ဟာ အီးယူခေါင်းဆောင်တွေရဲ့သဘောထားကို ပြောင်ပြောင်တင်းတင်း ဖီဆန်သလိုဖြစ်စေတဲ့ သတင်းစာရှင်းလင်းပွဲကို ဩစတြီးယား မသွားခင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီသတင်းစာရှင်းလင်းပွဲမှာ ထရီဆာမေဟာ ကုန်ပစ္စည်းတွေအတွက် အင်္ဂလန်-အီးယူ လွတ်လပ်တဲ့ကုန်သွယ်မှုနယ်ပယ်အစီအစဉ်ကို ချပြခဲ့ပြီး အဲဒီအစီအစဉ်ဟာ ဆွေးနွေးပွဲမှာ တင်ပြခဲ့တဲ့ အဆိုပြုချက်ပဲ ဖြစ်ပါတယ်လို့ ထရီဆာမေက ပြောခဲ့ပါတယ်။

ဝန်ကြီးအဖွဲ့မှာတော့ ထရီဆာမေရဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ သူ့ရဲ့သဘောထားကို ထပ်လောင်းပြောဆိုခဲ့ပါတယ်။

**သဘောတူညီမှုရအောင် ဆက်လက်လုပ်ဆောင်ရမယ်**

"သူဟာ ဗြိတိန်အတွက် လက်တွဲမဖြုတ်ဘဲ ရပ်တည်နေတာပါ။ နိုင်ငံအတွက် ဘာလုပ်နိုင်သလဲ။ အဲဒီလိုမျိုးသူက ရပ်တည်နေတာပါ" လို့ အိုးအိမ်ဝန်ကြီး ဂျိမ်းဘရွတ်ကန်ရှိုင်းယားက ဘီဘီစီရေဒီယိုကို ပြောခဲ့ပါတယ်။

"ဒါဟာ တော်ရုံတန်ရုံ ညှိနှိုင်းလို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါကြောင့်ပဲ ဘရီးဇစ်ဟာ အရာအားလုံးဖြစ်နေတာပေါ့။ ကျွန်တော့်အထင်ကတော့ သဘောတူညီမှုရအောင် ဆက်လက်လုပ်ဆောင်ရဦးမယ်လို့ ထင်တယ်။ မနေ့ကလိုမျိုးတွေ့ခဲ့ရတဲ့ အခြေအနေတွေကို လက်ခံဖို့ မဖြစ်နိုင်ပါဘူး" လို့ သူကဆက်ပြီး ပြောခဲ့ပါတယ်။

သို့သော်လည်း ဗြိတိန်သတင်းစာတွေက ဗြိတိန်ဝန်ကြီးချုပ်အတွက်တော့ ဖတ်ချင်စရာ မကောင်းခဲ့ပါဘူး။ သူ့ရဲ့ မျက်နှာပျက်စရာကိစ္စကို ရှေ့ဆုံးစာမျက်နှာတွေမှာ ပလူပျံအောင် ရေးသားထားလို့ပဲဖြစ်ပါတယ်။

**မာဖီးယားပုံစံလား**

ဥရောပ အယုံအကြည်ကင်းမဲ့တဲ့ စာစောင်တွေကတော့ ဥရောပခေါင်းဆောင်တွေကို မာဖီးယား(ရာဇဝတ်ဂိုဏ်း) ပုံစံပြုလုပ်ထားတယ်လို့ စွပ်စွဲခဲ့ကြပါတယ်။

နာမည်ကြီးတက်ဘလွိုက် သတင်းစာတစ်စောင်ဖြစ်တဲ့ သည်ဆန်းသတင်းစာကတော့ အီးယူကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်နဲ့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ပုံတွေကို သရော်ထားတဲ့ပုံတွေနဲ့ ဖော်ပြထားပြီး ဥရောပလူဆိုးဂိုဏ်းအဖြစ် အမည်ပေးထားပါတယ်။

တက်ခ်နဲ့ မက်ခရွန်တို့ဟာ မေရဲ့အစီအစဉ်ကို ဖျက်ဆီးပစ်လိုက်ပြီး ထရီဆာမေရဲ့ အစီအစဉ်ဟာ ဥရောပရဲ့ တစ်ခုတည်းသောဈေးကွက်ရဲ့ တစ်စိတ်တစ်ဒေသမျှသာဖြစ်ပြီး အလုပ်ဖြစ်မယ် မထင်ဟု ယုံကြည်ပုံရကြောင်းလည်း ပြောခဲ့ပါတယ်။

**နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း**

အီးယူကော်မရှင် အကြီးအကဲ ဂျင်- ကလော်ဒီ ဂျန်ကာက စက်တင်ဘာ ၂၁ ရက်က ဘရီးဇစ်ညှိနှိုင်းမှုဟာ ခက်ခဲတဲ့ညှိနှိုင်းမှုတစ်ခုဖြစ်တယ်လို့ ဝန်ခံခဲ့ပြီး နှစ်ဖက်စလုံးကို နီးနီးကပ်ကပ်ဆောင်ရွက်မှုပြုဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။

အစည်းအဝေးရဲ့ သဘောထားလက္ခဏာအပေါ် များစွာသော မျက်မှောက်ရေးရာတွေကို ဟောပြောရေးသားသူတွေကတော့ အံ့အားသင့်ခဲ့ပါတယ်။

**ပါတီနှစ်လည်အစည်းအဝေးနဲ့ တွေ့ရဦးမယ်**

အခုလနှောင်းပိုင်းမှာ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ သူ့ရဲ့ကွန်ဆာဗေးတစ်ပါတီ နှစ်ပတ်လည်စည်းဝေးပွဲနဲ့လည်း တွေ့ဆုံရဦးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း သူ့ရဲ့အစီအစဉ်ကို ပြင်းပြင်းထန်ထန်ကန့်ကွက်တဲ့ ဥရောပအယုံအကြည်ကင်းမဲ့တဲ့ ကွဲပြဲမှုတွေနဲ့လည်း ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ ထို့အတူပဲ တချို့ကလည်း ခေါင်းဆောင်သစ်ကို လိုလားတောင့်တနေတယ်လို့လည်း သိရပါတယ်။

ဆာရေးတက္ကသိုလ်မှ နိုင်ငံရေးပါမောက္ခတစ်ဦးဖြစ်သူ ဆိုင်မွန်အက်ရှာဝုဒ်က အီးယူရဲ့ဆန္ဒဟာ ထရီဆာမေကို ပြည်တွင်းမှာ တည်ငြိမ်မှုရှိအောင် လုပ်ဆောင်စေချင်တဲ့သဘော ဖြစ်နိုင်တယ်ဆိုတဲ့အကြောင်း ပြောခဲ့ပါတယ်။

**အီးယူခေါင်းဆောင်တွေကို စိတ်ဆိုးစေ**

နိုင်ငံရေး ပါမောက္ခတစ်ဦးဖြစ်သူ ဆိုင်မွန်အက်ရှာဝုဒ်က အိုင်းရစ် ဝန်ကြီးချုပ် လီယိုဗာရက်ကာနဲ့ အချည်းနှီးကုန်ဆုံးသွားတဲ့ သီးသန့်တွေ့ဆုံမှုနဲ့ ညစာစားပွဲမိန့်ခွန်းပြောပြီး နောက်ပိုင်းမှာ ဂျာမန်သတင်းစာ ဒိုင်ဝဲ့ဒ်မှာဖော်ပြတဲ့၊ ညှိနှိုင်းလို့မရတဲ့ အချက်နဲ့ပတ်သက်ပြီး ထရီဆာမေဟာ အီးယူခေါင်းဆောင်တွေကို စိတ်ဆိုးစေတယ်လို့ ပြောခဲ့ပါတယ်။

"မနေ့ကတော့ တကယ့်ဒေါသထွက်တဲ့နေ့ပဲဖြစ်ပြီး တကယ့်ကို စိတ်ဆိုးတဲ့နေ့ဖြစ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလန်ဟာ ဘရီးဇစ်ကိစ္စကို မဆောင်ရွက်နိုင်ခဲ့သေးလို့ပဲ ဖြစ်ပါတယ် "လို့ ဆိုင်မွန်အက်ရှာဝုဒ်က ဆက်လက်ပြောကြားခဲ့ပါတယ်။ ပြီးတော့လည်း ပြည်တွင်းမှာ ထရီဆာအနေနဲ့ရပ်တည်ဖို့ အနည်းငယ်ကျဉ်းမြောင်းလာခဲ့ပါတယ်လို့ ၎င်းကပြောပါတယ်။

**စိတ်ကူးသစ်တွေရှိတယ်**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကတော့ မြောက်ပိုင်းအိုင်းရစ်နယ်စပ်အရေးနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးလုပ်ဆောင်သွားမလဲဆိုတာ စိတ်ကူးသစ်တွေ၊ အကြံအစည်သစ်တွေရှိတယ်လို့ ပြောခဲ့ပြီးတော့ အဲဒီအရေးတွေကိုတော့ ဘရီးဇစ်ပြီးမှ ဆောင်ရွက်နိုင်မယ့် သဘောလည်း ပြောကြားခဲ့ပါတယ်။

ဘရီးဇစ်မှာ တကယ့်ဆွေးနွေးနေရတဲ့အပိုင်းကတော့ အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရမယ့် အရေးပဲဖြစ်ပါတယ်။ ဗြိတိသျှ ပြည်နယ်တစ်ခုဖြစ်တဲ့ မြောက်ပိုင်းအိုင်ယာလန်ဟာ အီးယူကုန်သွယ်ရေးနည်းလမ်းတွေနဲ့ လုပ်ထုံးလုပ်နည်းတွေကို အိုင်ယာလန်နဲ့ ပိုနေမြဲ ကျားနေမြဲဖြစ်စေဖို့အလို့ငှာ လိုက်နာကျင့်သုံးနေပါတယ်လို့ အီးယူက တင်ပြခဲ့ပါတယ်။

ဒါပေမယ့်လည်း လန်ဒန်ကတော့ ဗြိတိန်မှာရှိတဲ့ တခြားပြည်နယ်တစ်ခုနဲ့ ပတ်သက်ပြီး အခုလို မညီမမျှဆက်ဆံတာကိုတော့ လုံးဝပယ်ချခဲ့ပြီး ပြည်တွင်းအကောက်ခွန် ဆိုင်ရာများကို စစ်ဆေးမှုတွေတောင် လုပ်ဆောင်သွားဖို့ စည်းကမ်းထုတ်လိုက်ပါတယ်။

ဘရီးဇစ်အရေးဟာ လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်တဲ့ အရေးကိစ္စတစ်ခုဖြစ်ပြီး ရှေ့လာမယ့် အနာဂတ်မှာ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ အီးယူနဲ့ ဗြိတိန်တို့ရဲ့ အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဟာ ရှေ့ဘယ်လို စခန်းသွားမလဲ။ ပြေလည်သွားမလား။ ဘာတွေထပ်ပြီး ညှိနှိုင်းရမလဲဆိုတာကတော့ လာမယ့်အစည်းအဝေးတွေမှာ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်သလို ထရီဆာမေတစ်ယောက် ပြည်တွင်းမှာလည်း ဘယ်လိုမျိုးစည်းရုံးမှုတွေ လုပ်ဆောင်သွားမလဲဆိုတာ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

> **"အီးယူကော်မရှင်အကြီးအကဲ ဂျင်- ကလော်ဒီ ဂျန်ကာက စက်တင်ဘာ ၂၁ ရက်က ဘရီးဇစ်ညှိနှိုင်းမှုဟာ ခက်ခဲတဲ့ညှိနှိုင်းမှုတစ်ခုဖြစ်တယ်လို့ ဝန်ခံခဲ့ပြီး နှစ်ဖက်စလုံးကို နီးနီးကပ်ကပ် ဆောင်ရွက်မှုပြုဖို့ တိုက်တွန်းပြောကြားခဲ့"**

# ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ်ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း(၂)
## ငွေချေးယူခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုကတာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့်အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များရောင်းချခြင်းဖြင့်ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သောစည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ အခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုပြီးသော ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုမှုများကို ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း ခုနစ်ဆယ့်နှစ်သိန်းထက် မပိုစေရ။

## အခန်း(၃)
## ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား (၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့်သုံးငွေများကို ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း(၄)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅)နှင့် (၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
## အခန်း(၁)
## ရငွေများနှင့်သုံးငွေများ

၁၉။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေး မူနှင့်အညီ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ လက်ကျန် အခြေအနေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သာမန်အသုံးစရိတ်အားလုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးနှင့် ကြွေးမြီအသုံးစရိတ်အားလုံးတို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အားလုံးကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ် / လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ် / လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် မိမိတို့၏ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲရမည့် အသုံးစရိတ်များမှအပ ပြည်ပသို့ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်၊ ကျန်သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ဇယား(၇)နှင့်(၈)တို့တွင်ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့် (၈)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၂)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၈)အရ ခွင့်ပြုထားသောသုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(၃) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

(ဇ) ပုဒ်မခွဲ(ဆ)ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း ဆိုသည့်စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

*(ဆက်လက်ဖော်ပြပါမည်)*

# ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်လိုသည့်ကုမ္ပဏီအား ကယားပြည်နယ်ဝန်ကြီးချုပ် လက်ခံတွေ့ဆုံ

**လွိုင်ကော် စက်တင်ဘာ ၂၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စုအတွင်းမှ မြေ ၁၀ ဒသမ ၇၇ ဧကပေါ်၌ ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်လိုသည့်ကိစ္စနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံအခြေစိုက် De Heus Myanmar ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ နယ်သာလန်နိုင်ငံသားနှင့်အဖွဲ့အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဦးဆောင်သော ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက စက်တင်ဘာ ၂၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် De Heus Myanmar ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ဒီးမော့ဆိုမြို့နယ် ဒေါကလိုးခူကျေးရွာနှင့် တစ်မိုင်ကျော်ကွာဝေးသော မြေ ၁၀ ဒသမ ၇၇ ဧကပေါ်တွင် ခေတ်မီဝက်မျိုး အကောင် ၂၅၀ မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်လိုကြောင်း၊ ဝက်ခြံသန့်ရှင်းရေးနှင့် အညစ်အကြေးစွန့်ပစ်ခြင်းတို့အတွက် ဌာနများမှသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝက်ခြံတွင် မျိုးဝက်များကိုသာ မွေးမြူမည်ဖြစ်ပြီး ဝက်သားပေါက်များကို ဒေသခံ မွေးမြူလိုသူများထံသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် မြေပိုင်ဆိုင်မှုများလည်း ရရှိပြီးဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ခွင့်ပြုနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏မွေးမြူရေးကဏ္ဍ တိုးတက်လာစေရေး ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မြို့နယ်တိုင်းတွင် မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ယခု ကုမ္ပဏီမှတင်ပြလာသော ဝက်မွေးမြူမည့်မြေနေရာသည် ကျေးရွာနှင့် တစ်မိုင်ခန့်ကွာဝေးသည့်အတွက် သင့်တင့်သောအနေအထားတွင် ရှိသော်လည်း မွေးမြူရေးစနစ်မှ ဘေးထွက်ဆိုးကျိုးများမဖြစ်ပေါ်အောင် ဆောင်ရွက်သွားမည့်အစီအမံများ၊ ကျေးရွာအတွက်ရရှိမည့်အကျိုးကျေးဇူးများ စသည်တို့ကို ကျေးရွာနေပြည်သူများ သဘောပေါက်နားလည်ပြီး လက်ခံအောင် အရင်ရှင်းလင်းချပြပေးရန် လိုအပ်ကြောင်း၊ ကျေးရွာနေပြည်သူများက သဘောတူလက်ခံပါက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အတည်ပြုပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း လွိုင်နန်းဖတောင်သို့သွားသော လမ်းတစ်လျှောက်တွင်လည်း အစိုးရပိုင် မြေလွတ်မြေလပ်များရှိကြောင်း၊ ထိုနေရာမှာ လူနေအိမ်များနှင့် ဝေးကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လျှပ်စစ်နှင့် ရေများလည်း အပြည့်အစုံရှိနေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းအတွက် ကောင်းမွန်သောနေရာဖြစ်ပြီး စိတ်ပါဝင်စားပါက သွားရောက်ကြည့်ရှုနိုင်ကြောင်း စသည်တို့ကို ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးခဲ့သည်။

**စိုင်းဉာဏ်လင်းထွန်း**



# ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေးကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ (၃/၂၀၁၈) အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်က ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်က အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်နှင့် ဆုံးဖြတ်ရန်ရှိသည့်အချက်များကို ယခင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ဗဟိုကော်မတီနှင့် ပြည်နယ်ကြီးကြပ်မှုကော်မတီတို့၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ကြီးကြပ်မှုကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ယခုအစည်းအဝေးတွင် ချမှတ်နိုင်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၊ စက်မှုစီမံကိန်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုပ်ငန်းအဖွဲ့ဆောင်ရွက်ချက်များ၊ ရေဘေးကာကွယ်ရေးဆိုင်ရာများ စသည်တို့ကို ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သတင်းတိုများ

### မန်စီမြို့နယ်၌ ခိုလုံလီရှောအဖွဲ့ခန်းမဆောင်ဖွင့်လှစ်

ကချင်ပြည်နယ် မန်စီမြို့နယ် မန့်ဝိန်းကြီးဒေသ၌ ခိုလုံလီရှောတိုင်းရင်းသားများ၏ မန့်ဝိန်းကြီး ခိုလုံလီရှောအဖွဲ့ ခန်းမနှင့် ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်း နည်းပညာဟောပြောဆောင် ဖွင့်ပွဲကို စက်တင်ဘာ တတိယပတ်အတွင်းက ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်း၊ ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအေးမင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ခန်းမဆောင်သစ်ကို ဒေသတွင်းမှ ပြည်သူများအနေဖြင့် လူမျိုးဘာသာမရွေး သာရေး၊ နာရေးနှင့် လူမှုရေးလုပ်ငန်းများအတွက် အသုံးပြုခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

### ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ကျုံပျော်၌ စုပေါင်းသန့်ရှင်း

ဒေါ်တင်မျိုးမျိုး **နှင့်** ဦးအေးမင်း
**တရားလို** **တရားပြိုင်**

မင်းလှမြို့၊ ဦးကင်းဘုရားလမ်း၊ အမှတ်(၇)ရပ်ကွက်နေ(ယခုနေရပ်လိပ်စာမသိ) ဦးအေးမင်း(ဘ)ဦးတင်ထွန်းလွင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်မျိုးမျိုးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလင်မယားနှစ်ဦးပိုင်ပစ္စည်းများ ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် အောက်တိုဘာ ၁၀ ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး**
**သရက်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀/မင်းရဲကျော်စွာ)၊ ဦးပိုင်အမှတ် ၁၃၄(က)၊ ၁၃၄(ခ)၊ ဧရိယာ ၀ဒသမ၀၉၃ဧကအား ဦးအောင်မင်း(ဘ)ဦးမောင်ငယ် ၉/တကန(နိုင်)၀၀၆၁၄၉၊ ဒေါ်ခင်စန်းယဉ် (ဘ)ဦးကံလှ ၉/တကန(နိုင်)၀၀၆၁၆၆ မှတပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၁၉၈/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၀**

ဒေါ်စန်းစန်း **နှင့်** ဒေါ်စန္ဒာမြင့်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၀×၆၁ လမ်းကြား၊ အေးသုခလမ်းနှင့် ရတနာလမ်းကြား၊ ဒေါ်စန္ဒာမြင့်(ဘ)ဦးအိုက်တူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းမှ ယုံကြည်အပ်နှံငွေကျပ် ၁၃၈၂၀၀၀၀၀၀/-တိတိ ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၃ ရက်) မွန်းလွဲ ၁နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ဒေါ်မာလာ)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အရေးတော်ပုံတပ်သားမင်းဒင်(တာဝန်ခံအယ်ဒီတာ)သူရိယနေဝန်းဂျာနယ်နှင့်
# အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၂၇/အေ)နေ ဒေါက်တာသက်သက်ခိုင် ၉/မကန(နိုင်) ၀၃၄၂၀၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒဂုံမဲဆန္ဒနယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည် သူရိယနေဝန်းဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း တာဝန်ခံထုတ်ဝေလျက်ရှိပြီး ၈-၉-၂၀၁၈ရက်စွဲပါ Vol-1,No-214 ဖြင့် ထုတ်ဝေခဲ့သောဂျာနယ်၌ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါက်တာသက်သက်ခိုင်၏ ဓာတ်ပုံကိုပူးတွဲဖော်ပြလျက် ၂၀၂၀ ရွေးကောက်ပွဲကာလတွင် NLD ပြန်လည်အနိုင်ရရှိပါက တိုင်းပြည်အန္တရာယ်မှာ အလွန်ကြောက်စရာကောင်းကြောင်း ဒေါက်တာသက်သက်ခိုင်ပြောဆိုဟု ထင်ရှားစွာရေးသားထုတ်ဝေခဲ့ရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာသက်သက်ခိုင်မှ လူကြီးမင်းတို့၏ဂျာနယ်တိုက်ကိုသော်လည်းကောင်း၊ အခြားဂျာနယ်တိုက်နှင့်မီဒီယာသမားများကိုသော်လည်းကောင်း လူကြီးမင်းတို့ရေးသားထားခဲ့သည့် အကြောင်းအရာနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ ပြောဆိုခဲ့ဖူးခြင်းမရှိကြောင်း ၎င်း၏ပြောပြချက်အရ သိရှိရပါသည်။ ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၂ ဖြင့်ထုတ်ပြန်ခဲ့သော သတင်းမီဒီယာဥပဒေပုဒ်မ-၉(က)တွင် သတင်းမီဒီယာသမားတစ်ဦးသည် သတင်းတိုင်းအချက်အလက်တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှပြည့်စုံစေရန် စိစစ်ခြင်းပြုလုပ်ရမည့်အပြင် ပုဒ်မ-၉(ဆ)တွင် အများပြည်သူ၏ အကျိုးစီးပွားနှင့် စပ်ဆိုင်သည့်သတင်းရေးသားခြင်းမဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသောအရေးအသားမျိုး ဖော်ပြခြင်းမှရှောင်ကြဉ်ရန် တားမြစ်ထားပြီးဖြစ်ပါသည်။

လူကြီးမင်းတို့အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါက်တာသက်သက်ခိုင် ပြောဆိုခြင်းမရှိသည့် မမှန်ကန်သောသတင်းများကို ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံ၊ အမည်နှင့်တိတိပပ ပူးတွဲရေးသားဖော်ပြခဲ့ခြင်းသည် ကျွန်ုပ်မိတ်ဆွေ၏ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာများနှင့် နိုင်ငံအပေါ်ထားရှိသည့် နိုင်ငံရေးဂုဏ်သိက္ခာများ များစွာကျဆင်းခဲ့ရသည်ကို လူကြီးမင်းတို့အသိပင်ဖြစ်ပါသည်။

ထို့ကြောင့် လူကြီးမင်းတို့အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေအမည်နှင့် ဓာတ်ပုံအားအသုံးပြု၍ မမှန်မကန်သတင်းရေးသားဖော်ပြမှုများကို ဤသတင်းစာကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများနှင့် လူကြီးမင်းတို့ထုတ်ဝေလျက်ရှိသော ဂျာနယ်၌အဆိုပါကိစ္စရပ်များအား ကျွန်ုပ်၏မိတ်ဆွေမှပြောဆိုခဲ့ခြင်းမရှိသည့် အကြောင်းအရာများဖြစ်ကြောင်း ရှင်းလင်းချက်ကို ထင်ရှားသောစာမျက်နှာ၌ အနီးစပ်ဆုံးအချိန်၌လည်းကောင်း ပြန်လည်ရှင်းလင်းပေးရန်နှင့် ကျွန်ုပ်၏မိတ်ဆွေအား ရိုးသားစွာလူသိရှင်ကြား ဝန်ချတောင်းပန်ပါကြောင်း ကြော်ငြာစာထည့်သွင်းဖော်ပြတောင်းပန်ပေးရန် တောင်းဆိုအပ်ပါသည်။

အကယ်၍ လူကြီးမင်းတို့အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါက်တာသက်သက်ခိုင်၏ တောင်းဆိုမှုအားလိုက်နာခြင်းမရှိပါက လူကြီးမင်းတို့အား နောက်ထပ်တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်းမပြုဘဲ ဥပဒေနှင့်အညီ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကိုတိုင်ကြား၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစွမ်းထက်ပိုင် (အထက်တန်းရှေ့နေ)စဉ်-၄၀၇၉၅**
**LL.B,MA(Business Law),DBL,DIL**
**ဖုန်း-၀၉-၄၃၀၉၄၆၇၂**
**တိုက်(၁၄)၊ အခန်း (B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်လှရှင် (ကျူပျော်)

**အသက်(၈၆)နှစ်**

ဦးကျော်မင်းအောင်-ဒေါ်ရီရီဝင်း (B.Ag-93) (ငြိမ်း-စိုက်ပျိုးရေးဆေးပစ္စည်းရောင်းဝယ်ရေး)တို့၏ မိခင်ကြီးသည် ၁၉-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝါဝါအရိုကယ်မီကယ်ထရေးဒင်း ကုမ္ပဏီလီမိတက်မိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်လှကြည် (ဟသ်ာတ)

**အသက်(၈၅)နှစ်**

ဟသ်ာတမြို့၊ တာငါးဆယ်မြောက်ရပ်၊ အလယ်လမ်းနေ(ဦးဘိုးထွေး-ဒေါ်ယုံ)တို့၏သမီး၊ ဦးအေးကြူ-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ချို၊ ဦးစံဌေး-ဒေါ်ဌေးသန်း၊ ဒေါ်ဝင်းဌေး၊ ဒေါ်မြမေ၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ဌေး၊ ဦးမျိုးမြင့်ဝင်း-ဒေါ်အေးအေးထူး၊ ဦးကျော်မင်းထူး-ဒေါ်စိုးမိုးမိုးကြည်၊ ဦးမျိုးမင်းထူး-ဒေါ်ဝင့်သုလှိုင်တို့၏အဒေါ်၊ မြေး (၁၃)ယောက်တို့၏အဘွားသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/1802 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/6029 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ U9၊ မြေကွက်အမှတ်-၄၆၅၊ မြေကွက်တည်နေရာအမှတ် (၄၆၅)၊ အောင်ဇမ္ဗူလမ်း၊ (၄၈ U9)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ် ဦးကျော်ခေါင် ၁၂/ရကန(နိုင်)၀၇၉၅၆၈၊ ဒေါ်စန္ဒာအောင် ၁၂/စခန(နိုင်)၀၂၃၅၅၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ခေါင်နှင့်ဒေါ်စန္ဒာအောင်တို့(၂)ဦးအနက် ဇနီး ဒေါ်စန္ဒာအောင်(ကွယ်လွန်)သဖြင့် ခင်ပွန်း ဦးကျော်ခေါင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၇၇/၁၅-၂-၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းဆိုင်စုဟွမ် ၁၃/ကမန(နိုင်)၀၆၈၅၇၇မှ ဂရန်မူရင်း၊ နိုင်ကတ်၊ သန်းခေါင်စာရင်း၊ သေစာရင်း၊ ပါဝါကျမ်းကျိန်၊ တစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး ကျမ်းကျိန်သူ အရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၂၆-၇-၁၈ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၇/၉၉၁/၁၈)၊ လက်ထပ်စာချုပ်တို့ တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံ ကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ အုတ်တံတိုင်းခြံစည်းရိုးကာရံထားပြီး ကိုယ်တိုင်မနေပါ ကွင်းဆင်းစဉ်ခြံတံခါးသော့ဖွင့်ပြသ၍ ကွင်းဆင်းသိရှိကြောင်း ဒေါ်နန်းဆိုင်စုဟွမ် လက်မှတ်ရေးထိုးထားပါသည်။ သို့ပါ၍ GP ဒေါ်နန်းဆိုင်စုဟွမ်၏ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ယဉ်ကြည်(ခ)ဒေါ်ရင်ကြည်

**အသက်(၈၃)နှစ်**

ဦးထွန်းမင်း-ဒေါက်တာလှဲ့လှဲ့မော် (တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်) တို့၏ မိခင် ဒေါ်ယဉ်ကြည်(ခ)ဒေါ်ရင်ကြည်သည် ၁၉-၉-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ယဉ်ကြည်

**အသက်(၈၃)နှစ်**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလှဲ့လှဲ့မော်၏ မိခင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၈၁၅ နေ ဒေါ်ယဉ်ကြည်သည် ၁၉-၉-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်း၊ မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ယဉ်ကြည်

**အသက်(၈၃)နှစ်**

ဦးထွန်းမင်း-ဒေါက်တာလှဲ့လှဲ့မော်(တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်)တို့၏မိခင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၈၁၅ နေ ဒေါ်ယဉ်ကြည်သည် ၁၉-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြိတ်စိမ်းလန်းစွမ်းအင်ကုမ္ပဏီလီမိတက် (မြိတ်အများပိုင်ကော်ပိုရေးရှင်း- ရွှေစိမ်းလန်းစွမ်းအင်ကုမ္ပဏီလီမိတက်- WATANA Energy & Power Solutions Co., Ltd)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်လှိုင် (ခ) ခေါ်ရှုဝှါ

**အသက်(၉၅)နှစ်**

ဦးသန်းလွင် ၊ ဒေါ်သဥ္ဇာ တို့၏ အဖွား ဒေါ်တင်လှိုင် အသက်(၉၅) သည် (၁၉-၉-၂၀၁၈) ရက် ည (၇း၁၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Royal Victory Services Co., Ltd.**

**လုပ်ဖော်ကိုင်ဖက်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ယဉ်ကြည်

**အသက်(၈၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဒေါ်လှဲ့လှဲ့မော်-ဦးထွန်းမင်းတို့၏မိခင် ရန်ကုန်မြို့၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ အမှတ်(၈၁၅)နေ ဒေါ်ယဉ်ကြည် အသက်(၈၄)နှစ်သည် ၁၉-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်သီတာအောင်၊ ဒေါ်နီလာသန်း ဒေါ်ပြုံးပြုံးယဉ်၊ ဒေါ်စန္ဒာမင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ယဉ်ကြည်(ခ)ဒေါ်ရင်ကြည်

**အသက် (၈၃)နှစ်**

ဦးထွန်းမင်း-ဒေါက်တာလှဲ့လှဲ့မော်(တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်)တို့၏ မိခင် ဒေါ်ယဉ်ကြည်(ခ)ဒေါ်ရင်ကြည်သည် ၁၉-၉-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဘိုခန့်-ဒေါ်မာလာဖြူ ခန့်ရွှေပြည်ကျောက်မျက်ကုမ္ပဏီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညိုညို (ရေစကြို) B.Ed,(72 batch)

**အသက် (၇၂) နှစ်**

(ဦးလှဖေ-ဒေါ်တင်ရွှေ)တို့၏ သမီး၊ (ဦးအောင်ကြည်-ဒေါ်ခင်ဥ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သဇင်လမ်းသွယ်(၃)၊ အမှတ် (၁၅/၁၇၅)နေ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)၏ ဇနီး ဒေါ်ညိုညိုသည် ၂၀-၉-၂၀၁၈ ရက် နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ၂၂-၉-၂၀၁၈ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ပေးနိုင်ပါရန် အသိပေးအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဦးဝင်းဇော်

**အသက် (၇၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ တိုက် ၂၅၊ အခန်း ၃၇၊ ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်မြင့်မြင့်ထွေး၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်မြင့်ဦး (အမှတ်-၂ သတ္တုတွင်းလုပ်ငန်း နေပြည်တော်၊ လက်ထောက်အထွေထွေမန်နေဂျာ)-ဒေါ်ဇာနည်ချိုတို့၏ ချစ်လှစွာသောဖခင်သည် ၁၆-၉-၂၀၁၈ ရက် ညနေ ၅း၃၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးရန်အောင်(ဥက္ကဋ္ဌ)နှင့် ကော်မတီဝင်များ ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုကော်မတီ မန္တလေးတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဦးဝင်းဇော်

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ တိုက် ၂၅၊ အခန်း ၃၇၊ ပြည်ရိပ်မွန်အိမ်ရာ နေ ဒေါ်မြင့်မြင့်ထွေး၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်မြင့်ဦး (အမှတ်-၂ သတ္တုတွင်းလုပ်ငန်း နေပြည်တော်၊ လက်ထောက်အထွေထွေမန်နေဂျာ)-ဒေါ်ဇာနည်ချို၊ ဦးမိုးဇော်လတ်-ဒေါ်ဝါဝါဝင်း တို့၏ဖခင်သည် ၁၆-၉-၂၀၁၈ ရက် ညနေ ၅း၃၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမင်းနိုင်ဆွေ(ဥက္ကဋ္ဌ၊ သတ္တုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး)-ဒေါ်ယဉ်မျိုးသီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းဝင်း အသက် (၉၀)

ဘားအံမြို့၊ (၂)ရပ်ကွက်၊ ပြည်နယ်သစ်တောရုံးဝင်းနေ ဦးဂျွန်ထွန်းဦး(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ကရင်ပြည်နယ်)-ဒေါ်ခင်သီနွယ်တို့၏ဖခင် ဦးထွန်းဝင်းသည် ၁၈-၉-၂၀၁၈ရက် ည ၉း၅၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကရင်ပြည်နယ် သစ်တောဦးစီးဌာန အရာထမ်း/အမှုထမ်းများ**

## ဒေါ်တင်တင် (မန္တလေး)

### (၁)နှစ်ပြည့် အထိမ်းအမှတ် ဆွမ်းကျွေးဆုတောင်းပွဲကျင်းပပြီးစီးခြင်း

မန္တလေးမြို့၊ စက်မှုလက်မှုသိပ္ပံကျောင်း(GTI)လျှပ်စစ်အင်ဂျင်နီယာဌာနမှူး ကထိကဟောင်း(၁၉၅၈-၆၉)ဦးထွန်းတင်၏ ချစ်လှစွာသောဇနီး ကွယ်လွန်သွားရာ တစ်နှစ်ပြည့် အထိမ်းအမှတ်ဆုတောင်းကုသိုလ်ပြု ဆွမ်းကျွေးပွဲကို ၁၆-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့)တွင် အမေရိကန်ပြည်ထောင်စု LOSANGELES COUNTY LAPAENTE မြို့ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကပ်လှူဒါန်းမှုကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား ပြုသမျှကုသိုလ်အစုစုအတွက် အမျှ အမျှ အမျှ ပေးဝေအပ်ပါသည်။ အခမ်းအနား၌ စားသောက်ဖွယ်ရာများ ပြင်ဆင်ချက်ပြုတ်ဧည့်ခံကျွေးမွေးရာတွင် ကူညီ ဆောင်ရွက်ပေးကြသော မိတ်ဆွေအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်လှ

### (ခရမ်းမြို့)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၂၈ နေ ဦးကျင်၏ ချစ်လှစွာသောဇနီး၊ ဦးလှမြင့်-ဒေါ်တင်တင် (အောင်နိမိတ်ကုန်သေတ္တာသယ်ယူပို့ဆောင်ရေး)၊ ဦးမြင့်လွင်-ဒေါ်အေးအေးသန်း၊ ဦးကျင်ထွန်း-ဒေါ်သင်းသင်း၊ ဦးဝင်းထွန်း-ဒေါ်နွယ်နွယ်ဦး၊ ဦးတင်လွင်-ဒေါ်ယုစောလွင်လှိုင်တို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီး သည် ၂၁-၉-၂၀၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန် သွားပါ၍ ၂၃-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် နေအိမ်မှ ကွမ်တုန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း

### ဦးမိုးသာ (ဦးသာတိုး)

### ဆ.သ.ရ(ငြိမ်း)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ်(၂၂) နေ (ဦးသာချိုတ်-ဒေါ်သာပွင့်)တို့၏သား၊ ဒေါ်ဖီးလစ်မိုးသာ၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်လှသာသာ)၏မောင်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ခင်၊ ဒေါ်အေးမေချစ်(မမာနူး)-ဦးခင်မောင်ထူး၊ ဒေါ်မေသန်းချစ်(ဂျိုးနီ)-Rich Sautes၊ FR.Paul ဦးပေါ်ထွန်းလွင်၊ မောင်ဆမ်ဆင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ဘဏ်လင်းထူး၊ Ambrose ၏ အဘိုးသည် ၂၁-၉-၂၀၁၈ရက် နံနက် ၆း၁၅နာရီတွင် နေအိမ်၌ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မြေနီကုန်း OUR LADY OF FATIMA ကတ်သလစ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

၂၂-၉-၂၀၁၈ရက် ည ၇နာရီတွင် ကမာရွတ်နှစ်ခြင်း အသင်းတော်၌ နှစ်သိမ့်စည်းဝေးရှိပါသည်။ နေအိမ်နှင့်ဘုရားကျောင်းမှကားများ ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ဦးမြသိန်း

**အသက်(၇၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၄လမ်း၊ အပိုင်း(၃)၊ အမှတ် ၅၃၇နေ (ဦးမောင်စံထွန်း-ဒေါ်အောင်မသာ)တို့၏သမီး၊ (ဦးကောင်းလှဖြူ-ဒေါ်လှသာ)တို့၏သမီးချွေးမ၊ ဦးသာနိုး၏ ချစ်လှစွာသောဇနီး၊ ကိုကျော်ဆန်း (ခ) ကိုသာနိုးဦး-မနုနုငယ်၊ ကိုဝင်းခိုင်ထွေး-မမေယု(ခ)မသာနိုးမြ၊ ကိုဆန်းယု (ခ) ကိုသာနိုးသိန်း-မအေးအေးမြင့်တို့၏မိခင်၊ ဦးမောင်ကြီး-ဒေါ်ခင်ကြည်၊ ဦးမောင်ချေ-ဒေါ်ဘုမချေ၊ ဦးအောင်သန်းထွန်း-ဒေါ်မဝေ၊ ဦးမောင်ကျော်ယေ-ဒေါ်ခိုင်သိန်းညွန့်၊ ဦးမောင်သန်းမြ-ဒေါ်ဖြူဖြူဝေ၊ ဦးသန်းကျော်-ဒေါ်သီရိစိုး၊ဦးမိုးခိုင်-ဒေါ်ဖြူယေတို့၏အစ်မ၊ မောင်ဖွဲ့ထက်နိုးဦး၊ မောင်မြတ်ခိုင်နိုးဦး၊ မောင်ခန့်ပိုင်နိုးဦး၊ မောင်ဘုန်းမြတ်နိုးဦးတို့၏ အဘောင်ရှင်သည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄/၇၈၈၄၆ Yamaha Fina 115, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီခိုင် ၉/ခမစ(နိုင်)၁၃၂၁၄၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၈၈၄၇ Honda Click 125, ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီထွေး ၁၂/တမန(နိုင်) ၀၂၃၂၇၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဒေါ်ခင်မကြီး
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ် ၇၄နေ ဦးဖေခင်-ဒေါ်ခင်ဝေ၊ ဦးပြုံးချို-ဒေါ်လွင်မာ၊ ဦးကြည်စိုး-ဒေါ်လှလှဝင်း၊ ဦးတိုးအောင်(Tom Lee)၊ ဒေါ်ခင်ဖြူ(U.S.A)၊ ဒေါ်မြမြဝင်း၊ ဒေါ်ပပဝင်း(Vivien Lee, U.S.A)၊ ဦးစံထွန်း-ဒေါ်ခင်စန်းဝင်းတို့တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၁-၉-၂၀၁၈ရက် ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉- ၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝိုင်း
**အသက်(၈၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးဖိုးသုံ-ဒေါ်အေးဖြူ)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်(၃)လမ်း၊ အမှတ် ၈နေ (ဦးသန်းညွှန့်၊ ရုံးအုပ်ကြီး၊ သတက-၃၊ ငြိမ်း၊ ဥက္ကံမြို့နယ်အသင်း)၏ ဇနီး၊ (ဦးတင်ညွှန့်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ငြိမ်း-ဒေါ်ခင်အေး)၊ (ဦးဝင်း၊ အထက-၆၊ ဗိုလ်တထောင်၊ ငြိမ်း)၊ (ဒေါ်တင်ရီ၊ ဘိုကလေး၊ TTC ၊ ငြိမ်း)၊ ဦးခင်မောင်ဝင်း(ဦးဣန္ဒက)၊ (ဒေါ်သန်းရီ၊ ဧရာဝတီတိုင်းပညာရေးမှူး)၊ ဦးမြင့်သိန်း [ဒုဝန်ကြီး (ငြိမ်း)၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန]-ဒေါ်ကြည်ကြည်စန်းတို့၏အစ်မကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ(ဦးသာကျော်)၊ (ဦးချစ်၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်ချို၊ (ဦးပု၊ ကျောင်းအုပ်ကြီး၊ ငြိမ်း-ဒေါ်ခင်အေး)၊ ဦးရွှေနီ(သီတဂူခြံ)၊ ဦးရွှေဝင်း-ဒေါ်စန်းရီတို့၏အစ်မကြီး၊ ဒေါ်ယဉ်ယဉ်လှ (အမက-၁၂၊ အင်းစိန်၊ ငြိမ်း)၊ ဒေါ်တင်တင်လှ၊ ဒေါ်အေးအေးမြင့်(လက်ထောက်ကထိက၊ ငြိမ်း၊ ဆေး-၁)၊ မဟာမြကျွန်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဦးတင်အောင်သန်း-ဒေါ်ချစ်ချစ်ဝင်း၊ (ဦးဝင်းမြင့်သန်း၊ သတင်းတပ်ဖွဲ့)-ဒေါ်ကြည်ကြည်လွင်တို့၏မိခင်၊မစုပြည့်စုံ၊မသင်းနန္ဒီဇော်၊မောင်သန့်ဇင်ဇော်၊မသီရိစံတို့၏ ဘွားဘွားကြီးသည် ၂၂-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၈၊ ၃လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး
## ဒေါ်ထွေးရင်(မြောင်းမြ) အသက်(၈၃)နှစ်

မြောင်းမြမြို့၊ (၈)ရပ်ကွက်၊ ဘောင်ဒရီလမ်း၊ အမှတ် ၁၃၁နေ (ဦးအေးမြိုင်)၏ဇနီး၊ ဒေါ်နုရီ(အလက-၁၊ ငြိမ်း)၊ ဦးကျော်ဌေး-ဒေါ်စန်းစန်းမြင့်(မြောင်းမြ ဒေါ်ချို မုန့်ဟင်းခါး၊ သုဝဏ္ဏ)၊ ဦးအောင်မြင့်-ဒေါ်စိုးစိုးရီ၊ ဒေါ်အေးအေးမွန် (အောင်မြင့် လျှပ်စစ်ပစ္စည်းနှင့် အီလက်ထရွန်နစ်)တို့၏မိခင်၊ မောင်ကောင်းစည်သူ၊ မယွန်းပွင့်ရည်တို့၏အဘွားသည် ၂၂-၉-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်မာ(ခ)ဒေါ်ကြည်ကြည်နွဲ့
**အသက်(၈၃)နှစ်**

၁၅-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားသော ဒေါ်ကြည်ကြည်မာ(ခ) ဒေါ်ကြည်ကြည်နွဲ့ ဆေးရုံတက်ရောက်စဉ် စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ကုသပေးပါသော မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာဦးအုန်းမြင့်နှင့် ဆရာဝန်၊ ဆရာမများ၊ အနောက်ပါရမီဆေးရုံမှ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်တင်
**ပါမောက္ခ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)အဖွဲ့ဝင်**
**နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့**
**အသက်(၇၄)နှစ်**

ဆရာကြီး ဦးဟန်တင်သည် ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)**

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမဒူဘေဒါဘီ(ခ)ဒေါ်လှလှသန်း
**ရွှေကျင်ဖိနပ်ဆိုင်(ဗိုလ်ချုပ်ဈေး)**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၄၂နေ [ဟာဂျီဦးအီစပ်(ခ)ဦးကျော်ခင်-မိုင်မွန်နာဘီ(ခ)ဒေါ်ခင်လှ]တို့၏သမီး၊ (ဟာဂျီဦးသန်းမောင်)-ဒေါ်တင်မြတို့၏သမီးချွေးမ၊ [မိုဟာမက်အလီ(ခ)ဦးသန်းစိန်]-ဒေါ်သန်းသန်းဦး၊ ဟာဂျီမဇလေခါဘီ(ခ)ဒေါ်လှလှရီ-ဟာဂျီမိုဟာမက်ဟာနစ်ဖ်(ခ)ဒေါက်တာဦးအောင်မြင့်ဌေး၊ ဟာဂျီမိုဟာမက်စလင်း(ခ)ဦးသန်းရွှေ-ဘိလ်ကိစ်ဘီ(ခ)ဒေါ်မြမြဦး၊ မိုဟာမက်ဆိုလေမန်(ခ)ဦးဝင်းဆွေ၊ ဖရီဒါဘီ(ခ)ဒေါ်လှလှဝင်းတို့၏ညီမ/အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေး နှစ်ယောက်တို့၏အဘွား၊ ဟာဂျီမိုဟာမက်အင်ဘဲလ်(ခ)ဦးတင်သန်း၏ဇနီး၊ မိုဟာမက်အိစ်မိုလ်အီလ်(ခ)မောင်ကျော်မင်းသန်း[Grade-6(B),YAS]၏မိခင်သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ မဒီနာရွှေမြို့တော်ရှိ Al Ansar ဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချောက်ချက်(ခ)တန်လျှောင်ဘင် (မြိတ်)
**အသက်(၉၃)နှစ်**

မြိတ်မြို့နေ (ဦးစစ်ရှော်-ဒေါ်ယုံ)တို့၏သား၊ (ဦးအုံကာခက်-ဒေါ်ချူ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ၁၁/၄နေ ဒေါ်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်သီတာဝင်း(USA)၊ ဦးအေးသင် (ဒါရိုက်တာ-အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက်)-ဒေါ်စန်းစန်းနွယ်၊ ဦးသိန်းနိုင်-ဒေါ်စန်းစန်းမှီ၊ ဦးထိန်လင်း(Sri Asia Travels & Tours )-ဒေါ်ပို့စီ၊ ဦးကျော်နိုင်(ခ)ဦးကြုံရှင်(MD-Ei Phyo Yadanar Manufacturing)-ဒေါ်မြင့်မြင့်သန်း၊ ဦးစိုးမြင့်(ခ)ဦးအုံးတုန်း(ဆန်းသစ်လွင်ကုန်မာဆိုင်၊ မြိတ်)-ဒေါ်အေးအေးစီ၊ ဒေါက်တာအောင်လွင်(ဥက္ကဋ္ဌ၊ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)-ဒေါ်သက်စန္ဒာ(ခ)ဒေါ်ဂင်စီ၊ ဦးဝင်းကြူ(ခိုင်ရတနာပွဲရုံ)-ဒေါ်မေစီ၊ ဒေါ်စန္ဒာစီ(ခ)မမိစန်းတို့၏ဖခင်၊ မြေး ၂၁ယောက်တို့၏အဘိုး၊ မြစ် ၁၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့)နံနက် ၈း၀၆နာရီတွင် ဗဟိုရိပ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းရွှေ(ခ)အွန်တီဝမ်း (သုံးခွမြို့)
**ကျန့်တိတ်ဘုရားကျောင်း(ဗဟို)၊ ဥက္ကဋ္ဌ**
**အသက်(၉၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပ စက်မှုဇုန်၊ ၂လမ်း၊ အမှတ် ၁နေ (ဦးချိန်ဝှမ်း-ဒေါ်တင်-ဒေါ်ထက်ကာ)တို့၏သား၊ (ဦးခင်းယား-ဒေါ်ပို-ဒေါ်ကျင်မြိုင်)၊ (ဦးထွန်းအောင်-ဒေါ်စောကြူ)တို့၏သားသမက်၊ [ဒေါ်ကျင်စု(ခ)ယူအိုက်စူ]၊ ဒေါ်ခင်စန်းဝင်းတို့၏ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်အေးသန်း၊ ဒေါက်တာထွန်းမြင့်-ဒေါက်တာသူဇာမြရွှေ၊ ဦးသန်းဦး-ဒေါ်လှလှဝင်း၊ (ဦးစံဝင်းလှိုင်)-ဒေါ်နီနီဝင်း၊ ဦးကျော်မိုးချစ်၊ ဦးမိုးကိုဇော်-ဒေါ်တင်တင်ဝင်းတို့၏ဖခင်၊ မြေး ၂၂ယောက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏အဘေးသည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းရွှေ(ခ)အွန်တီဝမ်း (သုံးခွမြို့)
**ကျန့်တိတ်ဘုရားကျောင်း(ဗဟို)၊ ဥက္ကဋ္ဌ**
**အသက်(၉၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်၊ ၂လမ်း၊ အမှတ် ၁နေ (ဦးချိန်ဝှမ်း-ဒေါ်တင်-ဒေါ်ထက်ကာ)တို့၏သား၊ (ဦးအော်ကွား-ဒေါ်ခွေးမ)(ဦးမောင်မောင်)-ဒေါ်ရှမ်းမ(ဦးရွှေဟိုး-ဒေါ်ရပ်ဟုန်)တို့၏ညီ/မောင်၊ (ဦးဟုန်-ဒေါ်ရပ်တီ)၊ [ဦးတင်စိန်(ခ)ဦးတီဘန်း-ဒေါ်ရှုဝေ]၊ (ဦးလှသိန်း)-ဒေါ်ရပ်လွမ်၊ ဦးထွေး-ဒေါ်ရီ၊ ဦးအေး-ဒေါ်ခင်မျိုးလှ၊ (ဦးမောင်သိန်း)၊ဦးစိန်မင်း-ဒေါက်တာမင်းမင်းပိုက်၊ဒေါက်တာစုပင်-ဒေါ်ရင်နွဲ့၊ဒေါက်တာရဲလှိုင်-ဒေါ်ဖြူဖြူနွယ်တို့၏အစ်ကို၊ တူ၊ တူမ ၁၀၆ယောက်တို့၏ဦးလေး၊ မြေး ၁၃၆ယောက်တို့၏အဘိုး၊ မြစ် ၅၃ယောက်တို့၏အဘေးသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေး ဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းစိန် အသက်(၅၃)နှစ်
**(ဒေါပုံကော်ဇောစက်ရုံ)**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ် ၁၆၁နေ (ဦးထွန်းရွှေ-ဒေါ်အုံးစိန်)တို့၏မြေး၊ (ဦးသောင်း)-ဒေါ်စိန်ကြည်တို့၏သမီး၊ (ဦးတင်ဌေ)-ဒေါ်စိန်ဟန်၊ ဦးဌေလှိုင်-ဒေါ်မြကြိုင်၊ ဦးဝင်းအောင်-ဒေါ်တင်နွဲ့တို့၏တူမ၊ ဦးအောင်နိုင်-ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ဝင်းဝင်းစိန်တို့၏အစ်မ၊ မောင်အာကာမြတ်မင်း၏ကြီးတော်သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှဲ့လှဲ့ဝင်း
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၉၃နေ ဦးသောင်းဖေလွင်-(ဒေါ်အေးမြင့်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမြင့်သိန်းဦး)-ဒေါ်သန်းသန်းရွှေတို့၏ညီမ၊ ဘုရားကြီးကျေးရွာနေ ဦးကြည်-(ဒေါ်ညွှန့်ရွှေ)၊ ဦးဇော်ဝင်း-ဒေါ်တိုးတိုးလွင်၊ ဦးလှထွန်း-ဒေါ်စန်းစန်းချို၊ ဒေါ်ခင်ဆွေဝင်း၊ ဦးမျိုးဇော်လင်း-ဒေါ်စမ်းသီတာ၊ ဦးမျိုးဇော်မင်းတို့၏အစ်မ၊ မမေဇွန်သန်း၏အဒေါ်သည် ၂၁-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မသီသီထွန်း
**B.Sc (IC) ၂၀၁၀**
**အသက်(၂၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ လုပ်သားလမ်း၊ အမှတ် ၅၆၄နေ (ဦးထွန်းသောင်း)-ဒေါ်အေးသန့်တို့၏မြေး၊ ဦးဝင်းဌေး-ဒေါ်မြမိုတို့၏သမီး၊ ဦးမြင့်ဝင်း၊(ဦးမင်းနိုင်)-ဒေါ်ရီရီစန်းတို့၏တူမ၊ မောင်မျိုးမင်းဦး၏ညီမသည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့)ည ၈း၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချောက်ချက်(ခ) တန်လျှောင်ဘင် (မြိတ်)
**အသက်(၉၃)နှစ်**

Mr. William Wolf- မအဏ္ဏဝါနိုင်(USA)၊ ကိုဖြိုးနိုင်-Mrs.Sandra Ryu (USA)၊ ကိုသော်ဇင်-ဒေါက်တာဖြူဖြူအေး၊ မပြုံးပြုံးပိုင်၊ ကိုအောင်ဖြိုး-မစုယဉ်မင်း၊ မပွင့်ဖြူ၊ ကိုမြတ်ကို(UK)၊ ကိုမြတ်ထူး၊ ကိုမြတ်ထွန်း၊ ကိုစိုးမင်းထက်-မဖြူဖြူအေးလှိုင်၊ ကိုဘုန်းပြည့်ကျော်၊ မဟန်နီလင်း၊ ကိုအောင်မြတ်ဖြိုး၊ ကိုအောင်ကိုထိုက်၊ ကိုစိုးလင်းအောင်-မအေးမွန်မြတ်ဦး၊ မဆုသီရိနွယ်၊ မမြတ်သီရိခိုင်၊ မောင်ကျော်စည်သူ(ခေတ္တ-Australia)၊ ကိုဇော်ဝင်းထွန်း-မဆုမျက်ချယ်၊ မဝင်းသီရိမေ၊ မအိချယ်ရီမေတို့၏အဘိုး၊ မြစ် ၁၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၈း၀၆နာရီတွင် ဗဟိုရိပ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းရွှေ(ခ) အွန်တီဝမ်း (သုံးခွမြို့)
**ကျန့်တိတ်ဘုရားကျောင်း (ဗဟို) ဥက္ကဋ္ဌ**
**အသက်(၉၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပ စက်မှုဇုန်၊ ၂လမ်း၊ အမှတ် ၁နေ ကိုမင်းမင်းအောင်-မမိုးစန္ဒာကျော်၊ ကိုအောင်ဇော်လတ်-မမြတ်စန္ဒီကျော်၊ ကိုဘိုဘိုအောင်ကြည်-မနွယ်နီစိုးကျော်၊ ကိုအောင်သူ-မဇင်ငြိမ်းငြိမ်းကျော်၊ ဒေါက်တာဖြူပြာစိုးကျော်၊မသူသူနွေကျော်၊မသင်းယုယုကျော်၊ ဒေါက်တာမင်းခန့်ကို၊ မခိုင်ရည်မွန်သန့်၊ မထက်သီရိအောင်၊ မခင်ရတနာဆု၊မောင်ဘုန်းခန့်ကျော်၊ မထက်ရည်မွန်ဝင်း၊ မလဲ့ရည်မွန်သင်း၊ မောင်ထူးအောင်၊ မအေးချမ်းမိုး၊ မဇင်သူမိုးတို့၏အဘိုး၊ မဖူးပွင့်ဖြူ၊ မယွန်းမြတ်အိမ်၊ မောင်လွင်ရဲလင်း၊ မအိန္ဒြာမိုးမြင့်၊ မောင်လင်းမြတ်မင်းတို့၏ အဘေးသည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေး ဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးမြစ်များ

## ဦးသိန်းရွှေ(ခ) အွန်တီဝမ်း (သုံးခွမြို့)
**ကျန့်တိတ်ဘုရားကျောင်း (ဗဟို)၊ ဥက္ကဋ္ဌ**
**အသက်(၉၀)**

ဦးသိန်းရွှေ(ခ)အွန်တီဝမ်း(အဖ ဦးချိန်ဝှမ်း)သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေး (ဖုကျန့်တရုတ်) သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း မြန်မာပြည်တစ်လွှားရှိ ကျန့်တိတ်ညီအစ်ကိုများ၊ နောင်တော်များသိစေရန်နှင့် လိုက်ပါပို့ဆောင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန့်တိတ်ဗဟိုအဖွဲ့ချုပ်
(၄၉/၅၁)၊ လသာလမ်း

## ဦးမျိုးတင့်ရှိန်
**လက်ထောက်မန်နေဂျာ(ငြိမ်း)**
**သ/မ ဦးစီးဌာန**
**အသက်(၇၀)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊သုခလမ်း၊ အမှတ် ၁၂နေ (ဦးရှိန်-ဒေါ်ခင်တင့်)တို့၏သား၊ ဒေါ်မြမြ၏ခင်ပွန်း၊ မောင်လင်းထိုက်၊ မဖြူနှင်းသိုက်တို့၏ဖခင်သည် ၂၂-၉-၂၀၁၈ရက်(စနေနေ့) ညနေ ၄း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝါသဝ (မဟာဒွါရ)
**ဓမ္မာန ဓမ္မမဟာဒွါရ နိကာယ အနုနာယက**
**သက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ပြာသာအုပ်စု၊ ကျားကိုက်ကုန်းရွာ၊ ဘုရားကြီးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယကဖြစ်တော်မူသော သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဝါသဝ မဟာထေရ်မြတ်ကြီးသည်(၁၃၈၀ပြည့်နှစ် တော်သလင်းလဆန်း ၁၂ရက်) ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁ရက်) မွန်းလွဲ ၁နာရီတွင် စံကျောင်းတော်ပင့် အခမ်းအနားကျင်းပတော်မူပြီး (၁၃၈၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၃ရက်) ၂၇-၉-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ဘုရားကြီးကုန်းကျောင်းတိုက်

## ဦးစံလွင်
**ကျောင်းအုပ်ကြီး(ငြိမ်း)၊ လှည်းကူးဆရာအတတ်သင်ကျောင်း**
**ဘိုကလေးဆရာအတတ်သင်ကျောင်း၊ ကထိက(မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ)**
**အထပြ(အထက-၁၊ မော်လမြိုင်)၊(ကမာဝက်အထက၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်လေးမောင်လမ်း၊ အမှတ် ၁၆၆၀/Aနေ(ဦးဖော့-ဒေါ်မယ်တင့်)တို့၏သား၊ ဒေါ်စန်းရင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဆွေဆွေလွင်-ဦးဇော်မိုးဦး၊ ဦးသန်းဦး-ဒေါ်သူဇာဝင်း၊ ဦးကျော်ဦး-ဒေါ်အိဖြူဖြူထွန်းတို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၈ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဇီးနော်အယ်ဖော
**(ဘဏ္ဍာရေးဌာန၊ BPI ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ လမ်းသစ်၊ ၂၅၅/ကနေ (စောထွန်းဖေ-နော်စိန်အေး)တို့၏သမီး၊ (စောဘရွှေ-နော်ကြီးလုံ)တို့၏သမီးချွေးမ၊ (စောအဲဖရက်)-နော်ဒါးအယ်၊ (စောအဲနက်)၊ စောအီးနော့-ဒေါက်တာနော်စေးစေးဖော (ပါမောက္ခ၊ ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ နော်ဖော်လေ(ဘဏ္ဍာရေးဌာန၊ BPI)တို့၏ချစ်လှစွာသောမိခင်၊ စောဟယ်ရယ်ဟီမူထူး၏အဘွား၊ (စောဝီလီ)၏ချစ်လှစွာသောဇနီးသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးသန့်
**လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)**
**လူမှုထူးချွန် ဒုတိယဆင့်၊ တတိယဆင့်**
**အသက်(၇၀)**

မန္တလေးမြို့နေ(ဦးကြား-ဒေါ်မမကြီး)တို့၏သား၊ (ဦးမြင့်သိန်း)- ဒေါ်ခင်သန်းနွဲ့တို့၏မောင်၊ ကိုဟန်မင်းလွင်-မသဲသဲအောင်၊ ကိုဘုန်းပြည့်မောင်-မသန္တာဆွေ၊ ဒုရဲအုပ်တိုးဝေလင်းတို့၏ဖခင်၊ မောင်သုခပြည့်စုံ၊ မဟန်ဆုပြည့်စုံတို့၏အဘိုး၊ ဒေါ်ဆွေဆွေ (သရုပ်ပြ၊ ငြိမ်း၊ မန္တလေးတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၉-၂၀၁၈ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် နံနက် ၁၁နာရီတွင် စစ်ကိုင်းမြို့ ယုန်ဖြူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်း (B.Sc. Bot)
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကာယ ၇လမ်းနေ (ဦးချစ်ဆွေ-ဒေါ်စောလှ)တို့၏သား၊ ဒေါ်စောမြ၊ ဒေါ်ပေါတို့၏တူ၊ (ကိုဉာဏ်ဝင်း)၊(ကိုဝင်းမြင့်)၊ မညိုညိုဝင်းတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ အမှတ် N/8၊ အခန်း 001 ၊ လေးထောင့်ကန်လမ်း၊ တာမွေကလေးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးသံဒိုင်)-ဒေါ်ခင်တင့်တို့၏သားသမက်၊ ဒေါ်စိုးစိုးနွယ်၏ခင်ပွန်း၊ မောင်ရဲထက်ပိုင် (ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်)၊ မမြတ်သဒ္ဒါခင်(အထက-၂၊ ဗဟန်း)တို့၏ဖခင်သည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (တာမွေမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဖုန်းလွင်(ခ)မီးမီး
**အသက်(၄၉)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ဝါးရုံကျေးရွာနေ (ဦးကျော်ရှိန်)-ဒေါ်ခင်ညွှန့်တို့၏ချွေးမ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဦးရွှေ-ဒေါ်တင်ဥတို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သိပ္ပံမောင်ဝလမ်း၊ အမှတ် ၁၆၄၃နေ ဦးအောင်ဘုန်းကျော်-မဖြိုးရတီကျော်တို့၏မိခင်၊ ဦးကျော်အောင်၏ချစ်လှစွာသောဇနီးသည် ၂၂-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



ယမန်နှစ်က ကျင်းပခဲ့သည့် ရွှေကျင်မြို့မီးမျှောပူဇော်ပွဲကို တွေ့ရစဉ်။

# ရွှေကျင်မီးမျှောပူဇော်ပွဲ စည်ကားစွာ ကျင်းပမည်

**ရွှေကျင် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ သီတင်းကျွတ်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ် မီးမျှောပူဇော်ရေသဘင်ပွဲတော်ကို ယခုနှစ်တွင်လည်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်သည်။

၁၃၈၀ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက်အထိ (အောက်တိုဘာ ၁၇ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ) ကျင်းပမည့် (၁၆၇) ကြိမ်မြောက် ရွှေကျင်မီးမျှောပွဲတော်ကို ကုန်းပွဲရေပွဲများနှင့် ပျော်ပွဲရွှင်ပွဲများအပြင် ယခုနှစ် ဘောလုံးပြိုင်ပွဲပါ ထည့်သွင်းကျင်းပ၍ ဆုကြေးငွေများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၂ ကော်လံ ၁* ❄

# မြန်မာ့မီးရထား၏ အစီအစဉ်ဖြင့် လာမည့်နှစ်တွင် မြစ်ငယ်မှ လေအိတ်တွဲတစ်ရာခန့် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းသွားမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရထားစီးခရီးသွားများ စိတ်အေးချမ်းသာစွာဖြင့် အဆင့်မြင့်စွာ စီးနင်းနိုင်ရန်နှင့် ရက်ကြီးအခါကြီးများတွင် အဆင်ပြေစွာသွားလာနိုင်ရန် မြန်မာ့မီးရထားက ရထားတွဲဆိုင်းများကို ထုတ်လုပ်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် မြစ်ငယ်မှလေအိတ်တွဲဆိုင်းများကို ထုတ်လုပ်သွားမည်ဖြစ်ပြီး တွဲ ၁၀၀ အထိထုတ်လုပ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပွင့်လင်းရာသီတွင် ခရီးသွားလာမှုများလာသည့်အပြင် နိုင်ငံခြားသားခရီးသွားလုပ်ငန်း ရာသီလည်းဖြစ်သဖြင့် ပြည်တွင်းပြည်ပခရီးသွားလာမှုပြန်လည်စည်ကားလာမည်ဖြစ်ရာ ရထားစီးနင်းမှုများလာမည်ဖြစ်၍ တွဲဆိုင်းတိုးချဲ့ပြေးဆွဲခြင်းနှင့် တွဲအဟောင်းနေရာတွင် တွဲသစ်များ အစားထိုးခြင်း လိုအပ်လာမည်ဖြစ်သည်။

"ပွင့်လင်းရာသီရောက်လာပြီဆိုရင် ခရီးသွားလာမှုကိုတွက်ချက်ပြီး ပြေးဆွဲနေတဲ့ရထားတွေမှာ တွဲအပိုတွေ ချိတ်ပြီးပြေးဆွဲတယ်။ လက်မှတ်ရောင်းအားပေါ်မူတည်ပြီး တွဲပိုတိုးပြီးပြေးဆွဲမယ်။ ဒီထက်ပိုပြီး များလာမယ်ဆိုရင် အထူးရထားတွေပြေးဆွဲပေးတယ်။ ပုဂံ၊ ပြည်၊ မော်လမြိုင်လမ်းပိုင်းတွေက လက်ရှိရထားနဲ့ လုံလောက်တယ်။ တကယ်ကျပ်လာပြီဆိုရင် မန္တလေးလမ်းပိုင်းက မလုံလောက်တော့ဘူး။ သင်္ကြန်ကာလမှာ အထူးရထားတစ်စင်းကနေ နှစ်စင်းထိ ပြေးဆွဲတယ်။ တစ်စင်းကိုအတွဲ ၁၀ တွဲကနေ ၁၅ တွဲထိပါတယ်။ တစ်တွဲကို ၆၂ ဦး ကနေ ၆၈ ဦးထိစီးလို့ရတယ်။ ၂၀၁၉ ခုနှစ်မှာ လေအိတ်တွဲဆိုင်းတွေကို မြစ်ငယ်ကနေ ထုတ်လုပ်ဖို့ရှိပါတယ်။တရုတ်ချေးငွေနဲ့ လေအိတ်တွဲဆိုင်းနှစ်ဆိုင်းတပ်ဆင်မယ်။

*စာမျက်နှာ ၉ ကော်လံ ၁* ❐

ရွှေဈေးနှုန်းတည်ငြိမ်ရေးအတွက် နိုင်ငံတော်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ရွှေလုပ်ငန်းရှင်များ ပြောကြား

စာ » ၄

ဇွဲကပင်အသင်း သမိုင်းတစ်လျှောက် MNL ပြိုင်ပွဲ တတိယနေရာ ပထမဆုံးရရှိ

စာ » ၁၂



ကမ်းလွန် လုပ်ကွက်အမှတ် A-6 အကဲဖြတ်တွင်း ရွှေရည်ထွန်း(၂) ၌ သဘာဝဓာတ်ငွေ့စမ်းသပ်နေမှုကို တွေ့ရစဉ်။

## အာရှ ယူ-၁၆ အမျိုးသမီးခြေစစ် ဘောလုံးပွဲ မြန်မာအသင်း၏ အဆုံးအဖြတ်ပွဲ ယနေ့ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စုနောက်ဆုံးပွဲများကို စက်တင်ဘာ ၂၃ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် အဆုံးအဖြတ်ပွဲအဖြစ် ဖိလစ်ပိုင် ယူ-၁၆ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (C)၌ ပါဝင်နေပြီး နှစ်ပွဲစီကစားအပြီးတွင် ဖိလစ်ပိုင်အသင်းနှင့်အတူ ခြောက်မှတ်စီရထားသည်။

ထို့ကြောင့် မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့်တွေ့ဆုံသည့်နောက်ဆုံးပွဲမှာ ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရရန် အဆုံးအဖြတ်ပွဲ ဖြစ်လာခဲ့သည်။ သို့သော် မြန်မာအသင်းသည် ဂိုးကွာခြားချက်တွင် ဖိလစ်ပိုင်အသင်းထက်များစွာ အသာရထားသောကြောင့် သရေကျရုံဖြင့်နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ခြေစစ်ပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အိမ်ရှင်နီပေါအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဖိလစ်ပိုင်အသင်းက အိမ်ရှင်နီပေါအသင်းကို လေးဂိုးပြတ်၊ မလေးရှားအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရထားသည်။

*စာမျက်နှာ ၉ ကော်လံ ၆* ●

# ပုသိမ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ အကဲဖြတ်တွင်း ရွှေရည်ထွန်း(၂) မှ သဘာဝဓာတ်ငွေ့ ထုတ်ယူနိုင်ကြောင်း စမ်းသပ်တွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပုသိမ်မြို့၏ အနောက်မြောက်ဘက် ၁၀၂ ကီလိုမီတာခန့်အကွာ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် အကဲဖြတ်တွင်း ရွှေရည်ထွန်း(၂)အား ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် ရည်မှန်းအနက် ၄၈၅၀ မီတာ (၁၅၉၁၂ ပေ)အထိ တူးဖော်ခဲ့ရာ အနက် ၄၃၇၃ မီတာခန့်တွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် အသားတင်ထုတ်ယူရရှိနိုင်မည့် သဲကြောအထူ ၄၀ မီတာခန့်ကို စမ်းသပ်တွေ့ရှိခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး တို့နှင့်အတူ ပုသိမ်မြို့၏ အနောက်မြောက်ဘက် ၁၀၂ ကီလိုမီတာခန့်အကွာ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် အကဲဖြတ်တွင်း ရွှေရည်ထွန်း(၂) ကို တူးဖော်နေသော တွင်းတူးစက် Dhirubhai Deep Water KG2 (DDKG2) သို့ ယနေ့ နံနက်ပိုင်းက သွားရောက်၍ တွင်းတူးဖော်စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား တွင်းတူးစက်ပေါ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ

*စာမျက်နှာ ၉ ကော်လံ ၁* ■

